# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 718 July 12, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**


# ဒေါ်စုအမှုကိစ္စ အပြီးသတ်လျှောက်လဲချက်မူကြမ်း အင်းစိန်ထောင်တွင်း တင်ပြ

**VOA | ဂျူလိုင် ၈ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဆိုထားတဲ့ကိစ္စမှာ ရှေ့ဆက်လုပ်သွားဘို့ရှိတာတွေနဲ့ပတ်သက်ပြီး အကျိုးဆောင်ရှေ့နေအဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အင်းစိန်ထောင်ဝင်းအတွင်းက ဧည့်ရိပ်သာတခုမှာ ဒီကနေ့ နေ့လည်ပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

မေလ ၁၄ ရက်နေ့ကတည်းက စစ်ဆေးလာခဲ့တဲ့အမှုအတွက် ရှေ့ဆက်ဘာတွေလုပ်ကြမယ်ဆိုတာကို တိုင်ပင်ဆွေးနွေးဘို့ ရှေ့နေအဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ကြတာပါ။ အမှုက ပြီးသလောက်ဖြစ်လာပြီမို့ နောက်ဆုံးလျှောက်လဲချက်အတွက် ရှေ့နေတွေဘက်က ပြင်ဆင်ထားတာကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်ပင်ဆွေးနွေးခဲ့ကြတယ်လို့ တွေ့ဆုံတာမှာပါဝင်ခဲ့တဲ့ ရှေ့နေကြီးဦးကြည်ဝင်းက ပြောပါတယ်။

“အပြီးသတ်လျှောက်လဲချက်ခေါ်မှာပေါ့။ အဲဒါကိုပေးဘို့ ကျနော်တို့မူကြမ်းကိုပြုစုထားတယ်။ ဒေါ်စုကိုရှင်းပြတယ်။ စာမျက်နှာက ၁၈ မျက်နှာရှိတယ်။ အဲဒါတွေကို သူ့ကိုရှင်းပြ၊ ပြန်ဆွေးနွေး။ နောက်ဆုံးအဲဒါကို ဒေါ်စုဆီမှာထားခဲ့တယ်။ ရေးထားတဲ့အထဲမှာ သိပ်မဆီလျော်တာတွေကို ဖျက်ချင်ဖျက်မှာပေါ့။ နောက်ပြီး ဖြည့်ချင်တာလည်းဖြည့်မှာပေါ့။ အဲဒီလိုတွေ့တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ တရားစွဲဆိုခံနေရတဲ့ ဒေါ်ခင်ခင်ဝင်းနဲ့မဝင်းမမတို့လည်းပါပြီး ရှေ့နေအဖွဲ့ကတော့ ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်းနဲ့ ဒေါ်ခင်ဌေးကြွယ်တို့ တွေ့ခဲ့ကြပါတယ်။” တွေ့ဆုံချိန် ၁ နာရီခွဲကျော်ကြာတယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ကျန်းမာရေးအခြေအနေ သူတွေ့ခဲ့ရတာကိုလည်း ဦးကြည်ဝင်းက “ကျနော်တို့နဲ့စကားပြောတဲ့အခါ တော်တော်လေးတက်တက်ကြွကြွပါဘဲ။ ကျနော်တို့ကိုဦးဆောင်ပြီးပြောနေတာ။” အမှုအတွက် နောက်ထပ်သတ်မှတ်ပေးထားတဲ့ရုံးချိန်းကတော့ အခုလာမယ့် ဂျူလိုင်လ ၁၀ ရက်၊ သောကြာနေ့ဖြစ်ပါတယ်။ ဒီမတိုင်ခင် ဂျူလိုင်လ ၃ ရက်ရုံးချိန်းမှာ အပေါ်ရုံးကယူထားတဲ့အမှုတွဲဖိုင် ပြန်မရောက်သေးလို့ဆိုပြီး ဘာမှအမှုမစစ်ဆေးနိုင်ဘဲ ၁၀ ရက်နေ့ကို ပြန်ချိန်းခဲ့တာပါ။

အဲဒီ ဂျူလိုင်လ ၃ ရက်နေ့ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ရဲ့ မြန်မာနိုင်ငံခရီးစဉ်စတဲ့နေ့ပါ။ Mr.Ban Ki-moon ကဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်တောင်းတာကို *လက်ရှိလွှတ်လပ်စွာအမှုစစ်ဆေးနေတဲ့အပေါ် ဝင်ရောက်စွက်ဖက်သလို ဖြစ်မှာစိုးတဲ့အတွက် တွေ့ခွင့်မပြုနိုင်* တဲ့အကြောင်း စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပယ်ချခဲ့ပါတယ်။ အခုစစ်ဆေး နေတဲ့တရားခွင်ကို အများပြည်သူ တက်ရောက်နားထောင်ခွင့် မရသလို သက်သေတွေခွင့်ပြုတာကလည်း ကွာခြားလွန်းတဲ့အတွက် တရားမျှတမှုမရှိဘူးလို့ ဒေါ် အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက ပြောထားပါတယ်။

အမှုကိုစတင်စစ်ဆေးကတည်းက တရားစွဲဆိုသူတွေဘက်က တရားလိုပြသက်သေ ၁၄ ဦးထွက်ဆိုဘို့ တရားရုံးကလက်ခံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်တို့ဘက်ကိုတော့ ပထမပိုင်းမှာ တဦးဘဲလက်ခံခဲ့ပါတယ်။ တိုင်းရုံးကိုအယူခံတင်လျှောက်ထားတဲ့အခါ အခုထွက်ဆိုဘို့ရှိတဲ့ ဒေါ်ခင်မိုးမိုးကိုလက်ခံခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးနဲ့ အတွင်းရေးမှူးအဖွဲ့ဝင် သတင်းစာဆရာကြီးဦးဝင်းတင်တို့ကိုတော့ ဆက်ပြီးပယ်ချခဲ့ပါတယ်။ နောက်ဆုံးအယူခံတင်လျှောက်ထားခဲ့တဲ့ ဗဟိုတရားရုံးကလည်း ပယ်ချခဲ့တဲ့အတွက် အခုအခါမှာတော့ ဒေါ်ခင်မိုးမိုးတဦးတည်းဘဲ ထွက်ဆိုဘို့ကျန်တော့တာပါ။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်ထဲကို မဖိတ်ခေါ်ပါဘဲ ကိုယ့်သဘောနဲ့ကိုယ် တိတ်တဆိတ်ရေကူးဝင်ရောက်လာခဲ့တဲ့ အမေရိကန်နိုင်ငံသား Mr.John Willian Yettaw ကို လက်ခံခဲ့တာဟာ ချမှတ်ထားတဲ့နေအိမ်အကျယ်ချုပ် တားမြစ်မိန့်ကို ဖောက်ဖျက်တာဖြစ်တယ်ဆိုတဲ့စွဲချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့သုံးဦးကို တရားစွဲဆိုနေတာပါ။ Mr. Yettaw ကိုလည်း လူဝင်မှုဥပဒေအပါအဝင် ပုဒ်မတွေတပ်ပြီး တရားစွဲဆိုထားပါတယ်။

ဒီအမှုစပြီးစွဲတင်ကတည်းက ပြည်တွင်းပြည်ပကနေ ကန့်ကွက်ပြစ်တင်ရှုတ်ချခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဘို့ အစဉ်တစိုက်တောင်းဆိုခဲ့ကြပါတယ်။ နောက်ဆုံး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာနိုင်ငံထဲအထိလာပြီး တောင်းဆိုခဲ့ပေမယ့် တွေ့ခွင့်တောင်မှမရခဲ့ပါဘူး။ ဒါကြောင့်လည်း ၂၀၁၀ ပြည့်နှစ်မှာကျင်းပမယ်လို့ ကြေညာထားတဲ့ ရွေးကောက်ပွဲတွေ ကျင်းပချိန်အထိ မြန်မာအာဏာပိုင်တွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမှာမဟုတ်ဘူးလို့ အများကသုံးသပ်နေကြပါတယ်။


| | | | | | |
|---|---|---|---|---|---|
| **အတွင်းရေးမှူးချုပ်နဲ့ အဖွဲ့ချုပ်လူကြီး ၄ ဦး တွေ့ဆုံပွဲ ဗဟိုဌာနချုပ်မှာ ရှင်းလင်းပွဲပြုလုပ်** | **နိုင်ငံတကာကိုပြသနိုင်တဲ့ အခွင့်အခါကောင်းတခု ဆုံးရှုံးဟု ဘန်ကီးမွန်းပြောဆို** | **ဘန်ကီမွန်းရဲ့ မိန့်ခွန်းကောက်နုတ်ချက်များ** | **နအဖစစ်ခေါင်းဆောင်များ အင်မတန် ခေါင်းမာကြောင်း တကမ္ဘာလုံးကိုပြသ** | **ပွင့်လင်းမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဘို့ G-8 နိုင်ငံဆွေးနွေးပွဲက တောင်းဆို** | **ဘန်ကီမွန်းခရီးစဉ် မအောင်မြင်သော်လည်း အဖွဲ့ချုပ်က ရှေ့ဆက်မည်ဟုဆို** |
| **စာမျက်နှာ ၂** | **စာမျက်နှာ ၃** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၈** |

VOB အာဘော်

# ထွက်ပေါက်ရှာမရတဲ့ ဘန်ကီမွန်း

မြန်မာ့နိုင်ငံရေးအကျပ်အတည်းကိုဖြေရှင်းနိုင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းသည် မြန်မာနိုင်ငံကို ၂ ရက်ကြာသွားရောက်ခဲ့ပြီး နအဖစစ်အာဏာရှင်များအား အဓိကထားတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ တွေ့ဆုံဆွေးနွေးရေး၊ လူ့အခွင့်အရေးအခြေအနေတိုးတက်ရေး စသည့်အရေးကိစ္စများဖြင့် မြန်မာနိုင်ငံသို့သွားရောက်ခဲ့သည်။ စစ်အာဏာရှင်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ၂ ကြိမ်တွေ့ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခွင့်ပြုရန် တောင်းဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

မြန်မာနိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည်သည် မည်သို့မျှပစ်ပယ်ထားရစ်၍ရသောသူမဟုတ်သည်ကို မြန်မာအင်အားစုအားလုံးကရော နိုင်ငံတကာအသိုင်း အဝိုင်းကပါ အားလုံးသိရှိနားလည်လက်ခံထားကြသည်။ သို့သော်လည်း နအဖအတွက်မူ ဒေါ်အောင်ဆန်းစုကြည်သည် ၄င်းတို့အား ကောင်းစွာဒုက္ခပေးနိုင်သူတဦးအဖြစ် ရှုမြင်ထားသည်။ ထို့ကြောင့် ကမ္ဘာ့အကြီးဆုံးအဖွဲ့ကြီး၏ အကြီးအကဲက မည်သို့ပင်တောင်းဆိုနေစေကာမူ အကြောင်းအမျိုးမျိုးပြကာ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

မစ္စတာဘန်ကီမွန်းကိုယ်တိုင်ကပင် သူ၏မြန်မာပြည်ခရီးနှင့်တာဝန်သည် လွယ်ကူသည့်အရာမဟုတ် ခက်ခဲလှသည့်အလုပ်ဖြစ်မည်ဆိုသည်ကို နဂိုကတည်းကပင် ကြိုတင်နိမိတ်ဖတ်ထားပြီးဖြစ်သည်။ သူကြိုတင်မှန်းထားသည့်အတိုင်းပင် မြန်မာပြည်အပြန်ခရီးတွင် အထွေထွေအတွင်းရေးမှူးချုပ်သည် လက်ချည်းဗလာ ဘာမှမရပဲ ထွက်ခွာလာခဲ့ရသည်။ လွန်စွာစိတ်ပျက်မိပါသည်ဟူသောစကားလုံးဖြင့်သာ သူ၏မြန်မာပြည်ခရီးကို ဖော်ကျူးခဲ့သည်။

ခရီးစဉ်အပြီးတွင် မစ္စတာဘန်ကီမွန်း၏မအောင်မြင်သည့်ကြိုးပမ်းချက်များ၊ အခြေအနေများကို ဝေဖန်သုံးသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လာခဲ့သည်။ မြန်မာအင်အားစုများက ကုလသမဂ္ဂကို အားကိုးအားထားပြု၍မရ၊ ကိုယ့်ကိုကိုယ်သာ အားကိုးရတော့မည်ဟု ဆိုကြသူများရှိသည်။ သံတမန်ရေးနည်းအရ လုပ်ဆောင်အောင်မြင်နိုင်ဖို့ရာမရှိတော့ဟု ဆိုကြသူများရှိသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် သူ၏ဂုဏ်သိက္ခာနှင့် ရာထူးတာဝန်အတွက် လွန်စွာကြီးမားသော စွန့်စားရင်းနှီးမှုကို လုပ်ဆောင်ခဲ့သည်ဟု ဆိုသူများလည်းရှိသည်။

မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းက ၄င်းတို့ပါဝင်ရမည့်အခန်းကို ကုလသမဂ္ဂအား ဗဟိုပြုလုပ်ရှားသောအယူအဆနှင့် ချဉ်းကပ်မှုကို ဦးစားပေးလုပ်ဆောင်နေကြသည်။ မိမိတို့နိုင်ငံ၏အရေးကိစ္စကို မိမိတို့ကိုယ်တိုင် တက်တက်ကြွကြွနှင့်လုပ်ဆောင်ရန်မှာ လွန်စွာမှန်ကန်သောအခြေခံကျသည့် အယူအဆဖြစ်သည်။ တချိန်တည်းမှာပင် ယနေ့ခေတ်ကာလကြီးတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏အခန်းကို မည်သို့မျှပစ်ပယ်၍မရဆိုသည့်အချက်ကိုလည်း သတိပြုရပေမည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ခရီးစဉ်အောင်မြင်မှုမရှိသည်မှာ အမှန်လက်တွေ့ပင်ဖြစ်သည်။ သို့သော် ကုလသမဂ္ဂက မြန်မာ့အရေးတွင် ပါဝင်လှုပ်ရှားနေသည့်အနေအထားကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံထားသည့်အတွက် မစ္စတာဘန်ကီမွန်းနှင့် ကုလသမဂ္ဂကို မြန်မာ့ဒီမိုကရေစီအင်အားစုများက ပစ်ပယ်ထား၍မရပေ။

ထို့ကြောင့် မြန်မာ့အရေးတွင် ကုလသမဂ္ဂက မည်သို့ပိုမိုထိရောက်စွာပါဝင်လုပ်ကိုင်နိုင်မည်နည်းဆိုသည့်နည်းလမ်းများနှင့် အခြေအနေများကို ရှာဖွေဖော်ထုတ်လုပ်ဆောင်ရပေမည်။ ဝေဖန်ပြစ်တင်မှုများပြုရုံဖြင့်မလုံလောက်၊ နအဖစစ်အုပ်စုက စစ်မှန်သည့်ပြုပြင်ပြောင်းလဲမှုများလုပ်လာစေရန်နှင့် ၂၀၁၀ ရွေးကောက်ပွဲကို အားလုံးပါဝင်သည့် တရားမျှတ၍လွတ်လပ်သောရွေးကောက်ပွဲဖြစ်လာရေးအတွက် ကုလသမဂ္ဂကပြောဆိုနေသည်ထက် ဒီမိုကရေစီအခြေခံများနှင့် ဖီလာဆန့်ကျင်မှုများ ပါဝင်နေသည့် ၂၀၀၈ နာဂစ်အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရေးအတွက် ပြောဆိုလာစေရန် ဒီမိုကရေစီအင်အားစုများက ဝိုင်းဝန်းစည်းရုံး လုပ်ဆောင်ရန်အရေးတကြီးလိုအပ်နေပေသည်။

# အတွင်းရေးမှူးချုပ်နဲ့ NLD လူကြီး ၄ ဦးတွေ့ဆုံပွဲ ဗဟိုဌာနချုပ်မှာရှင်းလင်းပွဲပြုလုပ်

**RFA l ဂျူလိုင် ၇ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon နဲ့ နေပြည်တော်မှာ သွားရောက်တွေ့ဆုံခဲ့တဲ့ NLD ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၄ ဦးရဲ့ ရှင်းလင်းပွဲတခုကို NLD ရုံးချုပ်မှာ ဒီကနေ့ ဂျူလိုင် ၇ ရက်မှာ ပြုလုပ်ခဲ့ပြီး အမေရိကန်နဲ့ဩစတြေးလီးယားသံရုံးတွေက သံတမန်တွေတက်ရောက်ခဲ့တယ်လို့ ပါတီဗဟိုအမှုဆောင်အဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးခင်မောင်ဆွေက ပြောပါတယ်။

“လူကြီး ၄ ယောက်ပေါ့ဗျာ။ သွားတဲ့လူကြီး ၄ ယောက်ကို သက်ဆိုင်ရာကတွေ့ချင်တဲ့သံတမန်တွေပေါ့ဗျာ။ သံတမန်နှစ်ဖွဲ့လာပြီး မေးပြီးတော့ကာ ဘယ်လိုတွေ့ဆုံခဲ့သလည်း ဆိုတဲ့အပေါ်မှာ လာမေးသွားတဲ့အပိုင်း ကျနော်တို့တွေ့ရပါ တယ်။

မကြာခင်ကလာရောက်ခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူး Mr.Ban Ki-moon ရဲ့ခရီးစဉ်အတွင်း NLD ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေဖြစ်တဲ့ ဦးသန်းထွန်း၊ ဦးလှပေ၊ ဦးစိုးမြင့်နဲ့ဦးညွန့်ဝေတို့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

NLD ရုံးချုပ်မှာ ဒီကနေ့ပြုလုပ်ခဲ့တဲ့ ရှင်းလင်းပွဲမှာ Mr.Ban Ki-moon နဲ့တွေ့ဆုံဘို့ NLD အပါအဝင် နိုင်ငံရေးပါတီ ၁၀ ခုကို တပါတီအတွက် အချိန် ၂ မိနစ်ဘဲ ကန့်သတ်ခွင့်ပြုထားတဲ့ကိစ္စကို NLD ကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့တဲ့အတွက် နောက်ထပ် ၁၀ မိနစ်လောက် ပြောခွင့်ရရှိခဲ့တဲ့ကိစ္စ အပါအဝင် Mr. Ban Ki-moon နဲ့ အဓိကပြောဆိုဆွေးနွေးခဲ့တဲ့ကိစ္စတွေကို အလေးထားရှင်းလင်းခဲ့တယ်လို့ သိရပါတယ်။

Mr.Ban Ki-moon အနေနဲ့ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်မရရှိခဲ့တာဟာ အတော့်ကိုစိတ်ပျက်စရာဖြစ်တယ်လို့ သံတမန်တွေက ထုတ်ဖော်ပြောဆိုခဲ့ကြောင်း ဦးခင်မောင်ဆွေကပြောပါတယ်။ နေပြည်တော်ကိုသွားရောက်ခဲ့တဲ့ NLD ကိုယ်စားလှယ်အဖွဲ့မှာ ပါဝင်သူတဦးဖြစ်တဲ့ သခင်စိုးမြင့်က သူတို့ခရီးစဉ်ကိုစီစဉ်တဲ့ စစ်အုပ်စုအရာရှိတွေဟာ သူတို့ NLD အဖွဲ့ကို တလေးတစားပြောဆိုဆက်ဆံခဲ့ခြင်း မရှိခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရတယ်လို့ အခုလိုပြောပါတယ်။

“ကျနော်တို့နေပြည်တော်သာရောက်သွားတာ ဘယ်နေ ရာမှာတွေ့မယ် ဘာညာဆိုတာ ကျနော်တို့လုံးလုံးမသိဘူး။ ဘယ်လိုတွေ့မယ်ဆိုတာလည်း မသိဘူး။ ဒီတော့ ကျနော်တို့ကို တူတူတန်တန်ပေါ့။ ဖိတ်ကြားပြီးတော့ ဘယ်လိုတွေ့

**စာမျက်နှာ ၆ သို့**

# နိုင်ငံတကာကိုပြသနိုင်တဲ့ အခွင့်အခါကောင်းတခု ဆုံးရှုံးဟု ဘန်ကီးမွန်းပြောဆို

# **သံတမန်စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို နအဖစစ်အုပ်စုနားလည် ပုံမရဘူး**

**DVB၊ ဂျူလိုင် ၅ ။** ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ ၂ ရက်ကြာ မြန်မာနိုင်ငံ ခရီးစဉ်ဟာ ထင်သလောက်အောင်မြင်မှုမရဘဲ မနေ့က ပြီးဆုံးသွားပြီ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေး ကြားဝင်ဖြန်ဖြေပေးဖို့ သွားတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ အာဏာသိမ်း စစ်ခေါင်းဆောင်တွေနဲ့သာ တွေ့ခွင့်ရပြီး ဖမ်းဆီးခံ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရတဲ့အတွက် အနာဂတ် နိုင်ငံရေးအပေါ် ၂ ဘက်စလုံးရဲ့ ပြောကြားချက်ကို မသိရှိလိုက်ရပါဘူး။ ဘန်ကီမွန်းကိုယ်တိုင်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရတဲ့အပေါ် စိတ်ပျက်မိပေမယ့် သူ့ရဲ့အခြားအဆိုပြုချက်တွေကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ငြင်းပယ်ခြင်းမရှိသေးတဲ့အတွက် ဒီခရီးစဉ်ကို လုံးဝအောင်မြင်မှုမရတဲ့ ခရီးစဉ်အဖြစ် မမြင်စေချင်ဘူးလို့ ဆိုပါတယ်။ ရာဇလီ၊ ဂန်ဘာရီ စသဖြင့် အထူးကိုယ်စားလှယ်တွေ အကြိမ်ကြိမ်စေလွှတ် ဆွေးနွေးလို့မအောင်မြင်တဲ့အတွက် နောက်ဆုံး အတွင်းရေးမှူးချုပ်ကိုယ်တိုင် သွားတာတောင် အဆင်မပြေဘူးဆိုရင် ကုလသမဂ္ဂဘက်က ဘာဆက်လုပ်မှာလဲ၊ လူထု လှုပ်ရှားမှုတွေ ထပ်ဖြစ်လာမလား ဆိုပြီး မြန်မာလူထုကတော့ ဝေဖန်နေကြပါတယ်။

“သောကြာနေ့မနက်မှာ နေပြည်တော်ရောက်ပြီး စနေနေ့ညမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ရောက်လာတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းဟာ နအဖဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ၂ ကြိမ်တိုင်တွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ တရားခွင်မှာရှိနေဆဲဖြစ်တဲ့အတွက် တရားရုံး လုပ်ထုံးလုပ်နည်းအရ ပေးတွေ့လို့မဖြစ်နိုင်ဘူးဆိုပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အကြောင်းပြန်ခဲ့ပါတယ်။ ဒီလို ပေးမတွေ့နိုင်တာကို သူ့ခရီးစဉ်အတွက် လာရောက်ညှိနှိုင်းတဲ့ ဂမ်ဘာရီလာကတည်းကပြောထားပြီး ဖြစ်တယ်လို့လည်း ဒီနေ့ထုတ် စစ်အုပ်စုသတင်းစာတွေက ရေးသားထားပါတယ်။ ဒီလိုတွေ့ခွင့် မရတဲ့အပေါ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒုတိယအကြိမ်တွေ့ဆုံမှုအပြီး အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နေပြည်တော်လေယာဉ်ကွင်းမှာ…

“ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျနော် တွေ့ချင်ပါတယ်။ တွေ့ခွင့် ပေးလိမ့်မယ်လို့လည်း မျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့် မျှော်လင့်သလို ဖြစ်မလာဘဲ ငြင်းပယ်ခံရတဲ့အတွက် အထူးစိတ်ပျက်မိပါတယ်။ ဒါဟာ နအဖစစ်အုပ်စုအနေနဲ့နိုင်ငံရေးပွင့်လင်းမှုရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ဖို့အသင့်ရှိပါတယ်၊ ၂၀၁၀ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ခွင့်ရအောင် လုပ်ပေးမယ်ဆိုပြီး နိုင်ငံတကာအသိုင်းဝိုင်းဆီပြသနိုင်တဲ့ အခွင့်အခါကောင်းတခု ဆုံးရှုံးခြင်းဖြစ်တယ်လို့ ကျနော်ယုံကြည်ပါတယ်။ ဒါဟာ နောက်ပြန်ဆုတ်သွားတဲ့ ခြေလှမ်းတခုဖြစ်ပါတယ်”လို့ ပြောခဲ့ပါတယ်။

ဒီစကားကို နအဖ ဘက်က ဘယ်လောက်အထိ နားလည်သဘောပေါက်လဲဆိုတာ ရှင်းရှင်းလင်းလင်းမသိရသေးပေမယ့် ဒီနေ့သတင်းစာတွေမှာ ရေးထားတဲ့အတိုင်းဆိုရင် သံတမန်စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို စစ်အုပ်စုနားလည်ပုံမရဘူးလို့ ထင်စရာဖြစ်နေပါတယ်။ သတင်းစာဆရာလည်းဖြစ်၊ အတိုက်ခံပါတီရဲ့ထိပ်တန်းခေါင်းဆောင်တဦးလည်းဖြစ်တဲ့ ဦးဝင်းတင်ကတော့ နအဖဟာ ဆုံးရှုံးမှုကို ဆုံးရှုံးမှုမှန်းမသိဘဲ အောင်မြင်မှုလို့တောင် မြင်နေပုံရတယ်လို့ ပြောပါတယ်။ “ဂမ်ဘာရီလာတယ်ဆိုတာက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အရာရှိ ကြားဝင် ဖြန်ဖြေဖို့လာတာ။ နိုင်ငံတနိုင်ငံက ဝန်ကြီးချုပ်တယောက် ရောက်လာတာ၊ သမ္မတရောက်လာတာ မဟုတ်ဘူး။ စစ်အုပ်စုတခုတည်းနဲ့ တွေ့လို့မရဘူး။ ဒါကြောင့် ဘန်ကီမွန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဖို့ လိုပါတယ် ပြောတယ်။ ကျနော့်ကို တချို့လူတွေကတောင် အပြစ်တင်တယ်။ ခင်ဗျားက မစ္စတာ ဘန်ကီမွန်းလာတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မတွေ့ဘဲ ဘယ်နေမလဲဗျာ ဆိုပြီး ခနဲ့တဲ့ အနေအထားတွေရှိတယ်။ တွေ့ခွင့်မပေးဘူးဆိုတာ စိတ်ထဲမှာကို သိနေတယ်။ မစ္စတာဘန်ကီမွန်းလာရင် ခြေနဲ့လက်ချည်းပဲ ပြန်ရရင် အရှက်ကွဲမယ်လို့ အရင်က ပြောခဲ့တယ်။ ခုဟာက အရှက်ကွဲရုံတင်မကဘူး၊ မျက်နှာကို အိုးမည်းသုတ်ပြန်ရသလိုဖြစ်သွားတာပဲ။ ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်တာနဲ့ပတ်သက်လို့ ကျနော်တို့တောင် တုန်လှုပ်သွားတယ်။ စစ်အုပ်စုကဘက်ကနေ ကြည့်ရင် သူတို့ရဲ့ အောင်ပွဲလို့ တွက်များ တွက်မလားမသိဘူး။ အဲ့လိုတွက်ရင် ၂၀၁၀ ရွေးကောက်ပွဲဟာ ပိုပြီးတော့ စောလာနိုင်မယ်လို့ထင်တယ်။ ရွှေ့သွားဖို့ ကတော့ သိပ်မရှိဘူး။ ခုဟာက ကုလသမဂ္ဂအတွင်းဝန်ချုပ်ဆိုတဲ့ ဂုဏ်သိက္ခာ၊ ဒီအဖွဲ့ရဲ့ ဩဇာအာဏာ၊ အင်အားဆိုတာ အလွန်ကြီးမားတဲ့ ဟာကြီးတခုလုံးကို လွယ်လွယ်လေးနဲ့ ခေါင်းခါပစ်လိုက်တာပဲ။ ပထမတခါတင် မကဘူး။ နောက်တခါ ခွင့်တောင်းတော့လည်း ခေါင်းခါပစ်လိုက်တယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်ရေးမရှိနိုင်ဖူးဆိုတဲ့အနေအထား။ တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်ပြီးတော့ ထူးထူးခြားခြား ဘာမှမရှိဘူးလို့ ပြောနိုင်တဲ့ အနေအထား ဖြစ်နေပြီ။”

ဒီနေ့ မြန်မာ့အလင်းသတင်းစာမှာ အတွင်းရေးမှူးချုပ် အဓိက တောင်းဆိုတဲ့အချက်တွေကို မဖော်ပြဘဲ ရွေးကောက်ပွဲနဲ့လမ်းစဉ် ၇ ချက်ကို အတွင်းရေးမှူးချုပ်က ထောက်ခံတယ်ဆိုပြီး ခေါင်းစည်းတပ်ထားတာမျိုးကို တွေ့ရတဲ့အပြင် နိုင်ငံရေးပါတီ ၁၀ ခု၊ ငြိမ်းအဖွဲ့ ၇ ဖွဲ့နဲ့ ဆွေးနွေးတဲ့အခါမှာလည်း ရွေးကောက်ပွဲအနိုင်ရ အန်အယ်လ်ဒီနဲ့ အက်စ်အန်အယ်ဒီတို့ရဲ့ တင်ပြချက်တွေကို မဖော်ပြဘဲ တစညပါတီက ဦးခင်မောင်ကြီးပြောတဲ့ ရွေးကောက်ပွဲ ကြန့်ကြာစေမယ့် လုပ်ရပ် အားလုံးကို နိုင်ငံရေးပါတီတွေက ကန့်ကွက်ဆိုပြီး ခေါင်းစည်းတပ်ထားတာကို တွေ့ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှမ်းအဖွဲ့ချုပ်မှ ဦးစိုင်းလိတ်က သူ့အမြင်ကို ပြောပြပါတယ်။

“တိုင်းရင်းသား စည်းလုံးညီညွတ်ရေးက ဦးခင်မောင်ကြီးက ၂၀၁၀ ရွေးကောက်ပွဲကို ကြန့်ကြာစေမယ့် ဘယ်အဖွဲ့အစည်း၊ ဘယ်လုပ်ရပ်ကိုမှ သူတို့လက်မခံနိုင်ဘူးတဲ့။ ကျန်တဲ့ ၆ ပါတီက ဘာသံမှကို ထွက်မလာတာ။ အဓိက အရေးကြီးတာကတော့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသား ခေါင်းဆောင်ဖြစ်တဲ့ ခွန်ထွန်းဦး အစရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အကုန်လုံးလွှတ်ရမယ်၊ ပြီးမှ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်ရမှာကိုး။ အဓိက နှစ်ချက်မရဘဲနဲ့ ရွေးကောက်ပွဲ တခုတည်းကို ကွက်ပြီး ကတိကဝတ် ရလိုက်တယ်ဆိုတော့ မစ္စတာဘန်ကီမွန်းအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရလိုက်တာဟာ မြန်မာနိုင်ငံရေးအတွက်၊ အမျိုးသားပြန်လည် တွေ့ဆုံရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စကို နှောင့်နှေးကြန့်ကြာစေတဲ့ နစ်နာချက်တခုလို့ သုံးသပ်ပါတယ်။”

အတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရဖို့ငြင်းပယ်ခံရပေမယ့် နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး အပါအဝင် အခြားအဆိုပြုချက်တွေကိုတော့ နအဖဘက်က ငြင်းပယ်ခြင်း မရှိသေးဘူး၊ စဉ်းစားနေတဲ့သဘောရှိတယ်လို့ ဘန်ကောက်အရောက်မှာ ပြောကြားခဲ့ပါတယ်။ ဘန်ကောက်ပြန်မရောက်မီ ရန်ကုန်မြို့ရှိ မူးယစ်ဆေးပြတိုက်မှာ သံတမန်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အန်ဂျီအိုတွေ၊ သတင်းသမားတွေအပါဝင် ပရိတ်သတ် ၅၀၀ ခန့်ကို ပြောကြားခဲ့တဲ့ ဘန်ကီမွန်းရဲ့ တနာရီနီးပါးကြာတဲ့ မိန့်ခွန်းက အလွန်စိတ်ဝင်စားဖို့ကောင်းပြီး ဒီခရီးစဉ်ရဲ့ အနှစ်ချုပ်အဓိပ္ပာယ်ဖြစ်ပုံရပေမယ့် ဒီမိန့်ခွန်းကို စစ်အုပ်စုသတင်းစာတွေက အခုအချိန်အထိ ဖော်ပြခြင်းမရှိသေးပါဘူး။

# မြန်မာကိစ္စ လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့ ဗြိတိန် အမေရိကန်တောင်းဆို

**VOA | ဂျူလိုင် ၉ ။** ။ မြန်မာနိုင်ငံအရေး နောက်ဆုံးအခြေအနေနဲ့ ပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ခေါ်ယူဆွေးနွေးဖို့ ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စုတို့က တောင်းဆိုနေပါတယ်။ လုံခြုံရေးကောင်စီရဲ့ ဦးစားပေးကိစ္စမှာတော့ မြန်မာ့အရေးကိစ္စလည်းပါဝင်တာမို့ အခု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ကိစ္စကို အတွင်းရေးမှူးချုပ်အနေနဲ့ လုံခြုံရေးကောင်စီကိုပြန်တင်ပြဖို့ လိုလားနေကြတာပါ။

ဂျူလိုင် ၈ ရက် ဒေသစံချိန်ညနေပိုင်းမှာဘဲ ကုလသမဂ္ဂ နယူးယော့ခ်ဌာနချုပ်မှာ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့မိတ်ဆွေများနိုင်ငံ အစည်းအဝေးကျင်းပခဲ့ပါတယ်။ အတွင်းရေးမှူးချုပ်ရဲ့ခရီးစဉ်နဲ့ ပတ်သက်လို့ အတွင်းရေးမှူးချုပ်ကိုယ်စား အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဗရာဟင် ဂမ်ဘာရီက မြန်မာခရီးစဉ်ကိစ္စ အဖွဲ့ဝင်နိုင်ငံတွေကို ရှင်းပြတာပါ။ ဒီနောက် အပြန်အလှန်ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ သီးခြား တံခါးပိတ်အစည်းအဝေးဖြစ်တာမို့ အသေးစိတ်ကိုတော့ မသိရပါဘူး။ ဒါပေမယ့် အခုလို တံခါးပိတ်အစည်းအဝေးထက် လုံခြုံရေးကောင်စီအတွင်း မြန်မာ့အရေး တရားဝင်ဆွေးနွေးမှုလုပ်ဖို့ ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စုတို့ကတော့ တောင်းဆိုထားတယ်လို့ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု အမြဲတမ်းကိုယ်စားလှယ်ရုံးပြန်ကြားရေးအရာရှိ Patrick Vanatrell က ပြောပါတယ်။

"မြန်မာ့အရေးကိစ္စ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ အစည်းအဝေး ခေါ်ယူဖို့ တောင်းဆိုမှုကို အမေရိကန်ပြည်ထောင်စုအနေနဲ့ ထောက်ခံပါတယ်။ ဒီအဆိုပြုချက်ကိုတော့ ဗြိတိန်နိုင်ငံ တင်သွင်းထားတာပါ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နယူးယော့ခ်ဌာနချုပ်ကိုပြန်ရောက်လာရင် သူ့ရဲ့မြန်မာနိုင်ငံခရီးစဉ်ကိစ္စ လုံခြုံရေးကောင်စီကိုတင်ပြပြီး အဲဒီမှာ ညှိနှိုင်းဖို့ တောင်းဆိုထားတာပါ။"

မြန်မာ့မိတ်ဆွေနိုင်ငံများအဖွဲ့ထံ မစ္စတာဂမ်ဘာရီက ခရီးစဉ်ကိစ္စတင်ပြဆွေးနွေးနေတာကို ကန့်ကွက်တဲ့သဘောတော့ မဟုတ်ပါဘူးလို့ ပြောပါတယ်။ ဒါပေမယ့် လုံခြုံရေးကောင်စီမှာ မြန်မာ့အရေးက ဦးစားပေးကိစ္စတခုဖြစ်လေတော့ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာခရီးစဉ်ကိစ္စ ဆွေးနွေးသင့်တဲ့နေရာတခုလို့ အမေရိကန်ပြည်ထောင်စုက ယူဆတဲ့အကြောင်း Patrick Vanatrell က ပြောပါတယ်။ အခုလို နိုင်ငံအချို့နဲ့ သီးခြားတံခါးပိတ်ဆွေးနွေးနေတာအပြင် လုံခြုံရေးကောင်စီမှာလည်း တရားဝင်ဆွေးနွေးသင့်တယ်လို့ ဆိုတာပါ။ အမေရိကန်ဘက်ကတော့ အခု မစ္စတာဘန်ခရီးစဉ်မှာ ဘာရလဒ်ကောင်းတွေမှ မတွေ့ရဘူးလို့ ယူဆပါတယ်။

"မြန်မာနိုင်ငံမှာ တိုးတက်မှုပြတဲ့အနေနဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် အခွင့်အလမ်းကောင်းတွေ ယူနိုင်စွမ်းမရှိတဲ့အပေါ် မြန်မာစစ်အစိုးရအပေါ် အလွန်တရာစိတ်ပျက်ရပါတယ်။ အခု အတွင်းရေးမှူးချုပ်ရဲ့ ခရီးစဉ်အတွင်းမှာလည်း ဘာရလဒ်မှထွက်မလာပါဘူး။ ကျနော်တို့အနေနဲ့ကတော့ မြန်မာနိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ဆက်ပြီး တောင်းဆိုနေမှာပါ။"

အတွင်းရေးမှူးချုပ်ရဲ့ မြန်မာမိတ်ဆွေများအဖွဲ့မှာတော့ မြန်မာ့အရေးစိတ်ဝင်စားတဲ့ အမေရိကန်၊ ဗြိတိန် လို အနောက်နိုင်ငံတွေနဲ့ အထူးသဖြင့် အာရှ–မြန်မာ အိမ်နီးချင်းနိုင်ငံတွေ ပါဝင်ပါတယ်။ မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံအပြန် ထိုင်းမှာရှိတဲ့ ထိုင်းဝန်ကြီးချုပ်နဲ့ တွေ့တုန်းကလည်း မြန်မာနိုင်ငံအရေးကို မြန်မာမိတ်ဆွေများအဖွဲ့ကတဆင့် အဓိကထား ကိုင်တွယ်ဆွေးနွေးသွားမယ်လို့ ပြောခဲ့ပါတယ်။

အတိုက်အခံ အတော်များများကတော့ အခုမစ္စတာဘန်ရဲ့ မြန်မာနိုင်ငံခရီးစဉ် ဘာရလဒ်မှလက်ဆုပ်လက်ကိုင်မပြနိုင်ဘဲ ပြန်လာရတာကြောင့် ကုလသမဂ္ဂရဲ့ မြန်မာ့အရေးကြားဝင်ညှိနှိုင်းပေးမှုအပေါ် သံသယဖြစ်လာကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က မစ္စတာဘန်အနေနဲ့ မြန်မာနိုင်ငံရေးမှာ ဘာမှလုပ်ပေးနိုင်စွမ်းမရှိဘူးဆိုတာ ပြနေတာဘဲလို့ပြောပါတယ်။

"အမှန်အတိုင်းပြောရရင် ဗမာစကားနဲ့ပြောရရင် ဘန်ကီမွန်းကအနှပ်ခံရတယ်ပေ့ါ။ သူလာတဲ့ကိစ္စက ဒေါ်စုလွတ်မြောက်ရေးကိစ္စ တကမ္ဘာလုံးကဝိုင်းပြီးအော်နေလို့ ဒေါ်စုလွတ်ရေး၊ ဒေါ်စုအမှုဖျက်သိမ်းရေးကို လာလုပ်တယ်။ အဲဒါကို သူမလာခင်ကလည်း ငြင်းတယ်။ သူကိုယ်တိုင်လာတဲ့အခါလည်း ၂ ခါပြောတဲ့အခါလည်း ငြင်းလိုက်တဲ့အခါ ပြီးသွားပြီ။ ဘန်ကီမွန်းလာတဲ့ ကြားဝင်ဖျန်ဖြေမှုကဏ္ဍကလည်း ပြီးဆုံးသွားပြီ။ ကုလသမဂ္ဂကလည်း လူတွေရဲ့ထင်မြင်ချက်ထဲမှာ အများကြီးမှေးမှိန်သေးသိမ်သွားပြီ။"

ဒါပေမယ့်လည်း ဒီခရီးစဉ်မအောင်မြင်တာကို အဖတ်ဆယ်ဖို့ဆိုရင် ကုလသမဂ္ဂဘက်ကလုပ်စရာတွေလုပ်ဖို့ လိုအပ်တယ်လို့ ဦးဝင်းတင်ကပြောပါတယ်။ "ဒီခရီးဟာ အောင်မြင်တဲ့ခရီးမဟုတ်ဘူး။ အရှုံးပေါ်တဲ့ခရီးဘဲ၊ ရှေ့လုပ်စရာတွေဆက်ရှိမှသာလျှင် အဖတ်ဆယ်လို့ရမယ်ဖြစ်ပါတယ်။"

မစ္စတာဘန်ကတော့ မြန်မာအစိုးရဘက်က ဘာတွေလုပ်ဆောင်လာမလဲဆိုတာကို မပြတ်စောင့်ကြည့်သွားမယ်လို့တော့ ပြောပါတယ်။ ဒါပေမယ့် မြန်မာ့မိတ်ဆွေများအဖွဲ့ကနေဘဲ အဓိကထား ကိုင်တွယ်သွားလိုပုံရပါတယ်။ ဗြိတိန် အမေရိကန်တို့ဘက်ကတော့ လုံခြုံရေးကောင်စီခေါ်ဖို့ကိုဘဲ တိုက်တွန်းနေပါတယ်။ ဒါကြောင့် မြန်မာ့အရေးနဲ့ပတ်သက်လို့ ကုလသမဂ္ဂမှာဘဲ ဘယ်လိုဆက်ကိုင်တွယ်သွားကြမလည်း သဘောကွဲလွဲနေတဲ့ လက္ခဏာတော့တွေ့နေရပါတယ်။

---

# စစ်အုပ်စုကို စောင့်ကြည့်ရမည်ဟု ဘန်ပြော

**DVB | ဂျူလိုင် ၇ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်မရလို့ မြန်မာခရီးစဉ်အပေါ် စိတ်ပျက်မိပေမယ့် သူ့ရဲ့အခြားအဆိုပြုချက်တွေကို စစ်အုပ်စုဘက်က ဘယ်လို ဆက်လက်အကောင်ထည်ဖော်မလဲဆိုတာကို စောင့်ကြည့်ရဦးမယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောဆိုလိုက်ပါတယ်။

ဂျနီဗာမြို့မှာ မနေ့ကပြုလုပ်တဲ့ သတင်းစာရှင်းပွဲမှာ မစ္စတာဘန်ကီမွန်းက အခုလို ပြောကြားလိုက်တာဖြစ်ပါတယ်။

"ကျနော်မြန်မာနိုင်ငံကိုသွားတာဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့လူ့အခွင့်အရေး လေးစားလိုက်မှုအတွက် နိုင်ငံတကာက စိုးရိမ်ပူပန်မှုတွေ၊ ဖြစ်စေချင်တာတွေကို စစ်အုပ်စုရဲ့ အာဏာအရှိဆုံးပုဂ္ဂိုလ်တွေကို အသိပေးဖို့ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ဒေါ်အောင်ဆန်းစုကြည်အပါဝင် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးဖို့၊ နိုင်ငံရေးဆွေးနွေးပွဲတွေမှာအားလုံးကို ပါဝင်ခွင့်ပေးဖို့၊ နအဖစစ်အုပ်စုနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကြား အဓိပ္ပာယ်ရှိပြီး အချိန်ဇယား အတိအကျသတ်ထားတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ဖို့လိုတယ်"

၂၀၁၀ ရွေးကောက်ပွဲ တရားမျှတရေး၊ အားလုံး ပါဝင်ခွင့်ရရေး၊ ရွေးကောက်ပွဲ ဥပဒေ၊ ရွေးကောက်ပွဲ အချိန်ကာလတွေကို စစ်အုပ်စုဘက်က အတိအကျထုတ်ပြန်ပေးဖို့၊ ၂၀၁၀ ရွေး ကောက်ပွဲဟာ တရားဝင်မှုရှိပြီး အများလက်ခံနိုင်အောင်လုပ်ပေးဖို့ တိုက်တွန်းခဲ့တယ်လို့ဆိုပါတယ်။ နိုင်ငံရေးကိစ္စအပြင် လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စကိုလည်း Mr.Ban Ki-Moon က ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် လူသားချင်းစာနာမှု အကူညီပေးရေးဝန်ထမ်းတွေရဲ့ ဗီဇာပြဿနာ၊ နာဂစ်ဒေသကိုကျော်ပြီး အကူအညီတွေ ပေးနိုင်ရေးပြဿနာတွေကိုဆွေးနွေးခဲ့တယ်လို့ Mr.Ban Ki-Moon က ပြောပါတယ်။ ရွေးေကာက်ပွဲဆိုင်ရာတင်ပြချက်အပါဝင် ဒီ အဆိုပြုချက်တွေ၊ တင်ပြချက်တွေ အားလုံးအပေါ် နအဖစစ်အုပ်စုဘက်က ဘယ်လောက်အထိ အလေးအနက်ထား အကောင်ထည်ဖော်မလဲဆိုတာကို အနီးကပ်စောင့်ကြည့်သွားမှာဖြစ်ကြောင်း Mr.Ban Ki-Moon က ပြောဆိုတယ်လို့ ကုလသမဂ္ဂသတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို ချက်ခြင်းလွှတ်ရန် ကုလအတွင်းရေးမှူးချုပ်တောင်းဆို

**RFA | ဂျူလိုင် ၅ ။** ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အချိန်မဆွဲဘဲ ပြန်လွှတ်ပေးသင့်ပြီး နိုင်ငံရေးဖြစ်စဉ်တွေမှာ လွတ်လွတ်လပ်လပ် ပါဝင်ခွင့်ပေးသင့်တဲ့အကြောင်း မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်တွန်းခဲ့တယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon က စနေနေ့ညမှာ ပြောကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်ပေးဘို့ မေတ္တာရပ်ခံတာကို စစ်အစိုးရကပယ်ချလိုက်တဲ့အတွက် တွေ့ခွင့်မရဘဲ မြန်မာနိုင်ငံနှစ်ရက်တာခရီးစဉ်ကအပြန်မှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှာ ထိုင်းဝန်ကြီးချုပ် အဘီဆစ်နဲ့တွေ့ဆုံအပြီး မနေ့ည ၁၀ နာရီခွဲကျော်လောက်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ Mr.Ban Ki-moon ကပြောကြားသွားတာပါ။

အစိုးရနဲ့ဒေါ်အောင်ဆန်းစုကြည်အပြင် ဒီမိုကရေစီခေါင်းဆောင်အားလုံးပါဝင်တဲ့ မယ်မယ်ရရနဲ့ အချိန်သတ်မှတ်ချက်ထားရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲပြန်စတာကို မြင်တွေ့ချင်တယ်လို့ မြန်မာစစ်ခေါင်းဆောင်တွေကို ပြောကြားခဲ့ကြောင်းသိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ပြီး လွတ်လပ်ပြီးတရားမျှတမှုသာတရားဝင်တဲ့ရွေးကောက်ပွဲအဖြစ် ရှုမြင်နိုင်မယ်လို့ ပြောခဲ့တဲ့အကြောင်း၊ ရွေးကောက်ပွဲကျင်းပရေးဥပဒေကို တတ်နိုင်သမျှ အမြန်ဆုံးထုတ်ပြန်ဘို့နဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဖွဲ့စည်းဘို့ တိုက်တွန်းခဲ့တဲ့အကြောင်း ၂၀၁၀ ခုနှစ်၊ ဘယ်လ ဘယ်နေ့မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့ ရက်သတ်မှတ်ဘို့ပြောကြားခဲ့တဲ့အကြောင်း Mr.Ban Ki-moon ကပြောပါတယ်။

ဆက်လက်ပြီး လက်တွေ့ကျတဲ့ကိစ္စရပ်တွေလည်း ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် လူသားချင်းစာနာမှုအကူအညီပေးနေသူတွေကို ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးဘို့ပါဘဲလို့ ပြောသွားပါတယ်။ သူ့အနေနဲ့ မြန်မာ့မိတ်ဆွေများနဲ့ မြန်မာနိုင်ငံအရေးကို ဆက်လက်ဆောင်ရွက်ပါဦးမယ်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်တောင်းတာကို စစ်အစိုးရကပယ်ချပေမယ့် သူတင်ပြတဲ့အဆိုပြုချက်တွေကို စစ်အစိုးရက စဉ်းစားဘွယ်ရှိတယ်လို့လည်း သတင်းစာရှင်းလင်းပွဲမှာ ပြောကြားသွားပါတယ်။

Mr.Ban Ki-moon ဟာ ထိုင်းဝန်ကြီးချုပ် အဘီဆစ်နဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံခရီးစဉ်ကို ရှင်းပြခဲ့တယ်လို့ဆိုပါတယ်။ သူဟာ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ နှစ်ကြိမ်တွေ့ဆုံခဲ့သလို စစ်အစိုးရအဆင့်မြင့်တာဝန်ရှိသူတွေ၊ စစ်အစိုးရရွေးချယ်ဖိတ်ကြားပေးတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီတွေနဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ ဒ့ါအပြင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းကိုလည်း သွားရောက်ကြည့်ရှုခဲ့တယ်လို့ သိရပါတယ်။

# ထိုင်းနယ်စပ်ဝင်ပေါက်များတွင် လူတုပ်ကွေးစောင့်ကြပ်စစ်ဆေးမှု အားနည်းနေဆဲ

**DVB | ဂျူလိုင် ၉ ။** ။ လူ့အသက်ကိုသေစေတဲ့ ကမ္ဘာ့လူတုပ်ကွေးရောဂါထိမ်းချုပ်ရေးနဲ့ ပတ်သက်ပြီး ပြည်ပက မြန်မာနိုင်ငံထဲ ဝင်ရောက်လာသူတွေကို ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာသာ စစ်ဆေးမှုတွေပြုလုပ်ပြီး နယ်စပ်ဝင်ပေါက်တွေမှာ စောင့်ကြပ်စစ်ဆေးမှု အားနည်းနေတယ်လို့သိရပါတယ်။

ထိုင်း–မြန်မာ နယ်စပ်မြို့တွေဖြစ်တဲ့ ကော့သောင်း၊ တာချီလိတ်၊ မြဝတီနဲ့ ဘုရားသုံးဆူမြို့တွေကတဆင့် မြန်မာနိုင်ငံကို နေ့စဉ် ဝင်ထွက်သွားလာနေတဲ့ မြန်မာနိုင်ငံသားနဲ့ နိုင်ငံခြားသားဦးရေစုစုပေါင်း ထောင်နဲ့ချီရှိပေမယ့် အဲဒီဝင်ပေါက်တွေမှာ ကမ္ဘာ့လူတုပ်ကွေးရောဂါ ထိန်းချုပ်မှုအစီအမံတွေ အားနည်းနေသေးတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံတောင်ဘက်စွန်း သူငွေးကျွန်းမှာရှိတဲ့ အက်ဒမန်ဟိုတယ်က ကာစီနိုလောင်းကစားဝိုင်းတွေဆီ နေ့စဉ် ထိုင်းလူမျိုး ၁၅၀ ကျော်လာရောက်လောင်းကစားပေမယ့် သူတို့ကို လူဝင်မှုကြီးကြပ်ရေးက နိုင်ငံကူးလက်မှတ်စစ်ဆေးမှုအပြင် ဘာမှမရှိဘူးလို့ ဟိုတယ် ဝန်ထမ်းတဦးက ပြောပါတယ်။

“အခုပုံမှန်လုပ်ကတော့ ကော့သောင်း လူဝန်မှုကြီးကြပ်ရေးအဖွဲ့က သူတို့ထုံးစံအတိုင်း ပြည်ဝင်ပြည်ထွက် စစ်တာလောက်ပဲ ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ဘာမှစစ်တာဆေးတာ မတွေ့မိဘူး၊ ကျနော်တို့ဆီမှာ တိတိကျကျ ညွှန်ကြားထားတာ မရှိဘူး။ ထိုင်းမှာဖြစ်နေတာ သတင်းတွေကနေ တွေ့နေ၊ ကြားနေရတယ်။ ဝန်ထမ်းတွေ ဘာတွေ ကြိုတင်အကာအကွယ်လုပ်တာတော့ မရှိဘူး။ ကော့သောင်းမြို့ပေါ်မှာဆိုရင်လည်း ရနောင်းဘက်ကလာတဲ့လူတွေကို သူနာပြုတွေက စစ်နေတာတော့တွေ့တယ်။ အခု ထိုင်းမှာက ထောင်ချီဖြစ်နေပြီဆိုတော့ ကျနော်တို့ဘက် လာတဲ့အထဲမှာ ထိုင်းလူတွေပါလာတယ်ဆိုတော့ စိုးရိမ်တာပေ့ါ။”

ထိုင်းနိုင်ငံမှာ လူတုပ်ကွေးရောဂါကူးစက်သူ ၂ ထောင်ကျော်ပြီဖြစ်ပြီး ၅ ဦးထက်မနည်း သေဆုံးခဲ့ပြီဖြစ်ပါတယ်။ ထိုင်းနိုင်ငံ မယ်ဆိုင်ကတဆင့် တာချီလိတ်မြို့အဝင်ပေါက်က ကျန်းမာရေး စစ်ဆေးမှုအခြေအနေကိုလည်း မယ်ဆိုင်က မြန်မာဈေးသည်တဦးက ပြောပါတယ်။

“သူနာပြုဆရာမတွေ ထိုင်တယ်။ သူတို့ လူအရိပ်အကဲကို ကြည့်တယ်။ တကယ်လို့ အဲ့ဒီလူက နှာစေးနေတယ်ဆိုရင် သူတို့ခေါ်ပြီးစစ်တယ်။ လူတိုင်းကိုတော့ မစစ်ဘူး။ ထိုင်နေတာက စပြီးတော့ ဖြစ်ကတည်းက။”

ထိုင်းနိုင်ငံ မဲဆောက်မြို့နဲ့ဆက်နေတဲ့ မြဝတီမြို့ အဝင်ဂိတ်မှာလည်း ထူးခြားတဲ့ ကျန်းမာရေး စစ်ဆေးမှုမျိုး လုပ်တာမတွေ့ရဘူးလို့ မြဝတီမြို့ခံတဦးက ပြောပါတယ်။ နအဖစစ်အုပ်စုက ရန်ကုန်ရှိ မင်္ဂလာဒုံလေဆိပ်ကိုသာ ရောဂါပိုးဝင်ပေါက်သဖွယ် ပစ်မှတ်ထားစစ်ဆေးနေပြီး နယ်စပ်ဝင်ပေါက်တွေမှာ ထိန်းချုပ်မှုအားနည်းနေတဲ့အပေါ် ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနကို ဆက်သွယ်ပေမယ့် တာဝန်ရှိသူ မအားလပ်လို့ မဖြေနိုင်ဘူးလို့သာ အကြောင်းပြန်ပါတယ်၊ မြန်မာနိုင်ငံမှာ လူတုပ်ကွေးရောဂါကြောင့် သေဆုံးသူမရှိသေးသလို စင်္ကာပူနိုင်ငံက တဆင့် ရောဂါကူးစက်လာတဲ့ အမျိုးသမီးငယ်လည်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာလို့ ဆေးရုံကဆင်းသွားပြီလို့ ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာဖော်ပြထားပါတယ်။

အစိုးရထုတ်သတင်းစာ၊ ဂျာနယ်တွေကတဆင့် ကျန်းမာရေးပညာပေးမှုတွေလုပ်နေပေမယ့်လည်း သာမန်လက်လုပ်လက်စား ပြည်သူတချို့က သူတို့ဟာ ဆင်းရဲသားတွေမို့ ဝက်သားဝယ်မစားနိုင်လို့ ရောဂါဖြစ်မှာ မပူဘူးလို့ပြောပါတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်အခြေစိုက် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးနဲ့ ပညာရေးကော်မတီရဲ့ ကျန်းမာရေးဒါရိုက်တာ ဒေါက်တာသီဟမောင်က ဝက်တုပ်ကွေးနဲ့ ပတ်သက်ပြီးပြောပါတယ်။

“လေဆိပ်တွေမှာ ပြန်လာတဲ့ခရီးသည်တွေကို ကာမိုစကင်လို့ခေါ်တဲ့ ဖြတ်သွားရင် အဖျားရှိရင်၊ ကိုယ်အပူချိန်ရှိရင် စစ်ပေးတဲ့ နည်းတခုရှိတယ်။ နားရွက်၊ နားနဲ့ နဖူးတို့မှာ လေဆာသုံးပြီး ကိုယ်ပူချိန် တိုင်းတဲ့နည်းရှိတယ်။ “နောက်ပြီး အဖျားရှိသလား မေးမြန်းပြီး ဖောင်ဖြည့်ခိုင်းတာ ရှိတယ်။ အဲ့ဒီ စကရင်းနင်းလုပ်တာတွေက သက်ဆိုင်ရာ အစိုးရတွေရဲ့ သူတို့ရဲ့ရှိုးဘိဇနက်ပေ့ါ။ ပြည်သူ့ကျန်းမာရေးရှုထောင့်ကကြည့်ရင်တော့ သိပ်ပြီး ထိရောက်မှုမရှိဘူးလို့ သုံးသပ်ထားတာရှိတယ်။”

ရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး ဒေါက်တာသီဟမောင်ရဲ့အကြံပြုချက်ကတော့ ရောဂါကူးစက်ခံရသူလို့ သံသယရှိသူနဲ့ နီးနီးကပ်ကပ်မနေဖို့၊ ချောင်းဆိုး နှာချေတဲ့အခါမှာ ပါးစပ်နဲ့ နှာခေါင်းကို တခုခုနဲ့ အုပ်ထားဖို့၊ ဘာပဲကိုင်ကိုင်လက်ကိုမကြာမကြာ ဆေးကြောဖို့နဲ့ တကိုယ်ရည်သန့်ရှင်းမှုရှိဖို့တိုက်တွန်းပြောဆိုပါတယ်။

# မြန်မာ့အရေး ကမ္ဘာက အာရုံစိုက်နေစေရေး

**ကျော်ကျော်စိုး**

အခုလတ်တလော မြန်မာပြည်တွင်းအခြေအနေနှင့် နိုင်ငံတကာအခြေအနေတွေစဉ်းစားမိရင်းနဲ့ ပေါ်လာတဲ့အတွေးတခုကို မျှဝေလိုပါတယ်။ အထူးသဖြင့် မြောက်ကိုရီးယားအရေး၊ အီရန်အရေးနဲ့ အခုနောက်ဆုံးပေါ်လာတဲ့ တရုတ်ပြည်က စင်ကျန်ဝေဝါကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေက လူမျိုးရေးအဓိကရုဏ်းတွေက မြန်မာ့အရေးကို လွှမ်းမိုးသွားမယ့်အလားအလာရှိတဲ့အတွက် ကျနော်တို့မြန်မာပြည်ရဲ့အရေးကို ကမ္ဘာကအာရုံစိုက်နေအောင် ကျနော်တို့ကိုယ်တိုင် လုပ်ယူဖို့လိုအပ်နေပြီဆိုတဲ့ စဉ်းစားတွေးတောမှုပါ။

မြောက်ကိုရီးယားက အနုမြူစမ်းသပ်တာ၊ ဒုံးကျည်စမ်းသပ်တာ၊ အီရန်မှာ ညျူကလီယားလက်နက်ထုတ်လုပ်နိုင်တဲ့ ကြွယ်ဝယူရေနီယံလောင်စာတောင့်တွေအများအပြားရှိနေတာ တရုတ်ပြည်အနောက်ပိုင်းက လူမျိုးရေးအဓိကရုဏ်းကြောင့် တရုတ်သမတ ဟူဂျင်တောင် ဂျီအိတ်ထိပ်သီးဆွေးနွေးပွဲမှာ ခေါင်းဆောင်တွေနဲ့တွေ့ဆုံဆွေးနွေးဖို့ကိစ္စတွေကို အကုန်ထားခဲ့ပြီး ပြည်တော်ပြန်ခဲ့ရတဲ့အခြေအနေတွေက ပိုမိုဆိုးရွားလာဖွယ်ရှိလို့ယူဆထားတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

ဧပြီလ ၂၉ ရက်နေ့မှာ အဲန်အဲလ်ဒီက ရွှေဂုံတိုင်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးတဲ့နောက် ပြည်တွင်းနိုင်ငံရေးအခြေအနေပြောင်းလဲနိုင်တဲ့ အရိပ်အယောင်ပေါ်လာနိုင်ခြေရှိတယ်လို့တွက်ဆခဲ့ပါတယ်။ တနည်းပြောရလို့ရှိရင် အကျပ်အတည်းကြုံနေရတဲ့နအဖဟာ ရွှေဂုံတိုင်ကြေညာချက်ကို နိုင်ငံရေးအရ တုံ့ပြန်ဖို့ရာဖြစ်လာနိုင်တယ်ဆိုတဲ့ ယူဆချက်တွေလည်း ရှိခဲ့ပါတယ်။

ဒါပေမဲ့လည်း တကယ်လက်တွေ့မှာ ဒေါ်စုကို စွဲချက်တင်ပြီး တရားရုံးတင်စစ်ဆေးပြီး ထောင်ချဖို့လုပ်လာခဲ့ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့မကြုံဘူးလောက်အောင် တုံ့ပြန်မှုတွေကြောင့် စစ်အုပ်စုဟာ ဒေါ်စုကို ပြစ်ဒဏ် ချမှတ်ဖို့ကို ရက်ရွှေ့ဆိုင်းခဲ့တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ နအဖဟာ အချိန်ဆွဲတဲ့ နေရာ၊ ကစားတဲ့နေရာမှာ တဘက်ကမ်းခတ်အောင်တော်တဲ့ ကလိမ်ကျစ်ဉာဏ်ရှိတယ်ဆိုတာကို ကျနော်တို့ မေ့လို့မဖြစ်ပါဘူး။

ဒီအချိန်မှာ အဲန်အဲလ်ဒီဟာ ဒေါ်စုလွှတ်မြောက်ရေးကိုပဲ ဥပဒေကြောင်းအရ ဆက်ပြီး တိုက်နေခဲ့ပါတယ်။ လတ်တလောနိုင်ငံရေးစစ်မြေပြင်မှာ မမျှော်လင့်ပဲ အသာစီးရလာတဲ့အခြေအနေကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံရေးထိုးစစ်ဆင်တာတွေမရှိဘူးဆိုတာကိုလည်းတွေ့မိပါတယ်။ နအဖစစ်ဗိုလ်ချုပ်တွေက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို မြန်မာပြည်လာခွင့်ပေးမယ်လို့ ကြေငြာပြီးတဲ့အချိန်ကစပြီး မြန်မာ့အရေးနဲ့သက်ဆိုင်သူတွေ၊ ဆက်နွယ်လှုပ်ရှားနေတဲ့သူအားလုံးလိုလိုဟာ အဲဒါကိုပဲ အာရုံစိုက်လာခဲ့ပါတယ်။

မြန်မာပြည်ရဲ့အဓိကပြဿနာဟာ စစ်တပ်က နိုင်ငံရေးမှာ ဝင်ရောက်ခြယ်လှယ်နေလို့ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတာဟာ အဲဒါတွေရဲ့တစိတ်တပိုင်းဖြစ်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရအဲန်အဲလ်ဒီကို စစ်အာဏာရှင်အောက်မှာ အတိုက်အခံပါတီတရပ်အနေနဲ့ နှစ်ပေါင်း ၂၀ ကြာ ကြံ့ကြံ့ခံရပ်တည်နိုင်အောင် ထိန်းသိမ်းပေးနိုင်တဲ့ အဲန်အဲလ်ဒီရဲ့ခေါင်းဆောင်တွေရဲ့အရည်အချင်းဟာ အလွန်အံ့ဩဖို့ကောင်းပါတယ်။ အသက်ကြီးလာလို့ ကျန်းမာရေးဆုတ်ယုတ်လာတဲ့အချိန်မှာ စိတ်သွားတိုင်းကိုယ်မပါဖြစ်နေပေမယ့် ပါတီတာဝန်တွေကို အတတ်နိုင်ဆုံးထမ်းဆောင်နိုင်အောင် အတတ်နိုင်ဆုံးကြိုးပမ်းနေတာဟာ တကယ့်ကိုချီးကျူးစရာကောင်းလှပါတယ်။ ဒါပေမယ့် တာဝန်ပိုင်းအရကြည့်မယ်ဆိုရင် လူထုထောက်ခံမှုပေးထားတဲ့ mandate ကို အပြည့်အဝမသုံးနိုင်တာဟာ နိုင်ငံရေးအရ ဦးဆောင်မှုအားနည်းလာနေတယ်ဆိုတာကို ဖော်ပြနေသလိုပါပဲ။

ဒေါ်စုကို စီရင်ချက်မချပဲ ရက်ရွှေ့ဆိုင်းနေခဲ့တာဟာ အဲန်အဲလ်ဒီအတွက် နိုင်ငံရေးကစားကွက်ရွှေ့ဖို့အတွက် နယ်မြေကျယ်လာတယ်လို့ ကျနော်ကမြင်တယ်၊ အဲန်အဲလ်ဒီက လက်ကိုင်ပြုထားတဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ထွန်းရေးအတွက် ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေအနေနဲ့အညီ စစ်အုပ်စုကိုကမ်းလှမ်းတာ ဒါမှမဟုတ် ဆွဲဆောင်တာ ဒါမှမဟုတ် တွန်းအားပေးတာ ဒါမှမဟုတ် ဖိအားပေးတာတွေကို ဒီထက်ပိုပြီးလိုအပ်တယ်လို့ထင်ပါတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ ကျနော်တို့မြန်မာ့လူ့ဘောင်မှာရှိတဲ့ နွားဆိုတာ ကြိမ်နဲ့တို့မှရတယ်ဆိုတဲ့ အသုံးအနှုန်းလိုမျိုးပေ့ါ၊ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ ပေကပ်ကပ် လုပ်နေတဲ့ နအဖဗိုလ်ချုပ်မှူးကြီးတွေကို အဲန်အဲလ်ဒီက ဟဲ့ သွားလေ၊ ဟိုအကောင် ဘယ်လိုလုပ်နေတာလဲဆိုတဲ့ ပါးစပ်ကပြောသလိုမျိုး အပြောသက်သက်ပဲဖြစ်တဲ့ ကြေညာချက်မျိုးမကပါဘူး၊ လက်တွေ့ကျတဲ့ လက်တွေ့လုပ်ဆောင်မှုမျိုးတွေ(အလုပ်တွေ) ပါတဲ့ ကြေညာချက်မျိုးတွေလိုအပ်နေပါပြီ။

ဦးဝင်းတင်က စစ်အုပ်စုအပေါ် နိုင်ငံတကာက ဖိအားဆက်ပေးနေဖို့ဟာ အရေးကြီးတယ်လို့ ရောဝတီစာစောင်ကိုပြောခဲ့တာ နည်းဗျူဟာအရ အရေးကြီးပြီး မှန်ကန်လှပါတယ်။ မြန်မာ့အရေးမှာ ပြည်တွင်းအင်အား အထူးသဖြင့် လူထုဟာ ရက်စက်ကြမ်းကြုတ်တဲ့ဖိနှိပ်မှုတွေကြောင့် ကြောက်ရွံ့စိတ်အင်မတန်ကြီးမားနေပါတယ်။ နိုင်ငံတကာဖိအားဟာ မြန်မာပြည်သူတွေတွင်မကဘူး၊ ကျနော်တို့လိုအင်အားစုတွေအတွက် အရေးပါတဲ့အားဆေးတခွက်ပါ၊ ဒါကြောင့် နိုင်ငံတကာဖိအားကို ဆက်လက်ထိန်းထားနိုင်ဖို့လိုတယ်လို့ ဦးဝင်းတင်ဆိုလိုတာလို့ ကျနော်ထင်ပါတယ်။

အဲန်အဲလ်ဒီထိပ်တန်းခေါင်းဆောင်တွေအနေနဲ့ အခုအချိန်မှာ နိုင်ငံရေးအရ အခုထက်ပိုပြီးထိရောက်ပြတ်သားတဲ့ဦးဆောင်မှုကို အောက်ခြေပါတီဝင်ထုကို၊ လူထုကို၊ ဒီမိုကရေစီအင်အားစုတွေကို ပေးဖို့လိုတယ်လို့ ကျနော်ယုံကြည်ပါတယ်။ ဒီနေရာမှာ ထည့်သွင်းစဉ်းစားဖို့လိုတဲ့အချက်က ကမ္ဘာ့နိုင်ငံရေးအခြေအနေပါ။ အီရန်၊ မြောက်ကိုရီးယား၊ တရုတ်၊ G 8 တို့လိုမျိုးကိစ္စတွေမှာ ကမ္ဘာက အထူးအာရုံထားတာမို့ မြန်မာ့အရေးဟာ နောက်တန်းကိုရောက်သွားနိုင်ပါတယ်။ ကမ္ဘာမှာမတည်မငြိမ်ဖြစ်လေ နအဖကကြိုက်လေပဲ။ သူ့ကို ကမ္ဘာက အာရုံစိုက်နေတာတွေကနေ လွှန်မြောက်နိုင်လို့ပဲ။

ဒီတော့ ကျနော်တို့အနေနဲ့ ပြည်တွင်းမှာ နိုင်ငံရေးအရ လှုပ်ရှားမှုတွေ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေအောင် လုပ်ဖို့လိုပါတယ်။ နိုင်ငံရေးအရ တိုက်ကွက်တွေကို အဲန်အဲလ်ဒီအဖွဲ့ဝင်တွေရော၊ ပြည်တွင်းမှာရှိတဲ့ တခြားအင်အားစုတွေကပါ လှုပ်ရှားနိုင်မယ့် လှုပ်ရှားမှုတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းရန်လိုအပ်ပါတယ်။

အဲန်အဲလ်ဒီဆိုတာက လူထုထောက်ခံမှုအပြည့်အဝရထားတဲ့ပါတီဆိုတော့ သူရဲ့ဦးဆောင်လှုပ်ရှားမှုဟာ အင်မတန်အရေးကြီးပါတယ်၊ သူကနေစပြီးဦးဆောင်ရင် ကျန်တဲ့အင်အားစုတွေက နောက်ကနေဆက်ပြီး အကောင်အထည်ဖော်ဖို့လိုအပ်ပါတယ်။ အဲန်အဲလ်ဒီဟာ အရှိန်အဝါကြီးသလို mandate လည်း ရှိပါတယ်။ ဒါကြောင့် အဲန်အဲလ်ဒီဟာ ထိပ်တန်းနေရာကရှိနေတယ်လို့ပြောတာပါ။ ဒါနဲ့အညီ ဦးဆောင်မှုတွေပေးဖို့လိုအပ်ပါတယ်။

ပြည်ပရောက်နေတဲ့ကျနော်တို့လို အင်အားစုတွေကလည်း ပြည်တွင်းအင်အားစုတွေ လှုပ်ရှားလုပ်ကိုင်နိုင်အောင် နည်းလမ်းတွေ၊ ငွေကြေးတွေ၊ အထောက်အကူပြုပစ္စည်းကိရိယာတွေ၊ အဆက်အသွယ်တွေကို ပေးနိုင်ဖို့လိုအပ်ပါ တယ်။

ဒေါ်စုကိုလွှတ်ပေးရေးအတွက် ဖိအားပေးတဲ့အနေနဲ့ ပထမအဆင့်မှာ ပါ

**တဖက်သို့**

တိဝင်တွေကြားမှာ၊ လူထုကြားမှာ တရားရုံးနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ပါတီပြောရေးဆိုခွင့်ရှိသူတွေရဲ့ ပြောဆိုချက်တွေကို အသိပေးဖြန့်ဝေတာမျိုး၊ ဆွေးနွေးတာမျိုးကိုလုပ်ဖို့ပါပဲ၊ ဆိုလိုတဲ့သဘောက ပါတီထဲမှာရော ပြည်သူကြားထဲမှာပါ ဒေါ်စုအခြေအနေနဲ့ပတ်သက်ပြီး အဆက်မပြတ်သိနေအောင် နှိုးဆွပေးတဲ့အနေနဲ့လုပ်ဆောင်တာပဲဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဒေါ်စုနဲ့ပတ်သက်ရင် အဲန်အဲလ်ဒီရော၊ လူထုပါ အမြဲနိုးကြားနေတယ်၊ ငြိမ်မနေဘူးဆိုတာကို နအဖသိအောင်လုပ်တာပဲဖြစ်တယ်၊ ဒီလှုပ်ရှားမှုဟာ ပါတီခေါင်းဆောင်လွှတ်မြောက်ရေး၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်လွှတ်မြောက်ရေးဖြစ်တာမို့ လုပ်ဆောင်ဖို့လိုအပ်ချက်တခုဖြစ်ပါတယ်။

ဒုတိယအဆင့်အနေနဲ့ အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးလှုပ်ရှားမှုကို လုပ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီဟာက အဲန်အဲလ်ဒီက နအဖဆီကို တောင်းဆိုထားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ပြင်ဆင်ရေးဆွဲရေးကော်မတီဖွဲ့စည်းပေးဆိုတဲ့ သဘောအတိုင်းလုပ်ဆောင်တာဖြစ်ပါတယ်။ ဦးစွာအနေနဲ့ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ပါတီတွင်းသုံးသပ်ဆွေးနွေးမှု၊ အကြံပြုမှုတွေလုပ်ဖို့ဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့ပတ်သက်ပြီး လူထုသိအောင် ရှင်းလင်းချက်၊ ဝေဖန်ချက်၊ သုံးသပ်ချက်တွေကို ထပ်ဆင့်ဖြန့်ချိတာ၊ အသိပေးစည်းရုံးတာတွေကို လုပ်ဖို့ဖြစ်ပါတယ်။ လူထုထဲမှာ အများစုဟာ အခြေခံဥပဒေနဲ့ပတ်သက်ပြီး အတော်လေးအလှမ်းဝေးနေတာကို တွေ့ရပါတယ်။ အခြေခံဥပဒေဟာ အရေးကြီးတဲ့အရာဖြစ်တယ်ဆိုတာကို လူထုသိနားလည်စေလာအောင် ရည်ရွယ်တာဖြစ်ပါတယ်။ အဲဒီလိုလုပ်ပြီးတော့ လူထုကို နိုးကြွနေအောင် နှိုးဆွထားတဲ့သဘော ဖြစ်ပါတယ်။

တတိယအဆင့်အနေနဲ့ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်တဲ့ သက်ကြီးဝါကြီးတွေကို ကျန်းမာရေးကောင်းပြီး တွေးခေါ်မြော်မြင်စွမ်းအားကောင်းသူ လူသစ်တွေနဲ့တွဲလုပ်ဖို့ပါပဲ။ ဒါမှသာ အသက် ၈၀ ကျော် ၉၀ ရောက်နေပြီဖြစ်တဲ့ အဲန်အဲလ်ဒီထိပ်တန်းခေါင်းဆောင်တွေနေ့စဉ်ပါတီလုပ်ငန်းတွေကနေ အနားယူပြီး အဲဒီနေရာမှာ နောက်ထပ်မျိုးဆက်တွေ အစားထိုးဝင်ရောက်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မျိုးဆက်သစ်တွေဘက်က ပံ့ပိုးနိုင်စွမ်းအားကောင်း လာအောင်၊ အတွေ့အကြုံတွေရင့်ကျက်တိုးတက်လာအောင် လက်တွဲခေါ်သင့်တယ်လို့ ကျနော်ထင်ပါတယ်။ ဒါဟာ လက်တွေ့ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရာမှာ အဲန်အဲလ်ဒီကို ပိုမိုအားကောင်းလာအောင် ဖြည့်ဆည်းပေးနိုင်မယ့် အယူအဆတရပ်ကို တင်ပြခြင်းပဲဖြစ်ပါတယ်။ ကိုယ်ကျိုးစွန့်အနစ်နာခံတဲ့ တတ်သိပညာရှင် အတော်များများဟာ အဲန်အဲလ်ဒီထဲမှာ ရှိနေတာကြောင့် ဒေါ်စုပြီးရင် လူအများသိရှိလက်ခံတဲ့သူ၊ အများပြည်သူလက်ခံတဲ့ သူကို မျိုးဆက်သစ်ခေါင်းဆောင်အဖြစ်မွေးထုတ်နိုင်စရာအကြောင်း သိပ်မရှိလှပါဘူး။

ကျနော် အခြေခံစဉ်းစားတာက ကိုယ့်အရေးကို အများက အာရုံစိုက်ပြီး အမြဲ တမ်းဆောင်ရွက်နေအောင် ကိုယ်ကိုယ်တိုင်က ကိုယ့်အရေးကို တက်တက်ကြွကြွလုပ်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်နိုင်ခြေရှိမယ့်နည်းလမ်းအားလုံးကို ဝိုင်းဝန်းအကောင်အထည်ဖော်ပြီး မြန်မာ့အရေးကို ကမ္ဘာ့အာရုံစိုက်ပြီး ထိရောက်တဲ့ပံ့ပိုးကူညီမှုတွေရှိလာစေဖို့ပဲဖြစ်ပါတယ်။☆☆☆☆☆

**စာမျက်နှာ ၂ မှ**

ရမယ်၊ ဘယ်လိုဆက်ဆံရမယ်၊ အချိန်ဘယ်လောက်ပေးမလဲ အစရှိသဖြင့် အဲဒါမသိရဘူး။ ခရီးကလည်းပန်းသေးတယ်၊ ဟိုမှာ အဲယားကွဲန်ဒေးရှင်း အခန်းထဲမှာ ကျနော်တို့မခံနိုင်ဘူး။ ၆ နာရီခွဲလောက်သွားရတယ်။ အဲယားကွဲန်းဘတ်စ်နဲ့ အသွားအပြန်ဆိုတော့ လူတွေက လူကြီးတွေလေ ၈၅၊ ၈၆၊ ၈၇ တွေဆိုတော့ ဒီဒဏ်ဘယ်ခံနိုင်မလဲ။”

Mr.Ban Ki-moon နဲ့ NLD ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံခဲ့တဲ့ကိစ္စနဲ့ ပတ်သက်လို့ NLD ရုံးချုပ်မှာ ဒီကနေ့ဆွေးနွေးခဲ့ကြပြီး ပါတီရဲ့သဘောထားကြေညာချက်ကို ဂျူလိုင်လ ၈ ရက်နေ့ ထုတ်ပြန်နိုင်ဘွယ်ရှိတယ်လို့လည်း ဦးခင်မောင်ဆွေကပြောပါတယ်။

# ဒေါ်စုကို ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ချီးမြှင့်

**DVB၊ ဂျူလိုင် ၇။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အိုင်ယာလန်နိုင်ငံ အောက်စတာတက္ကသိုလ်က ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ချီးမြှင့်လိုက်ပါတယ်။

အာဏာရှင် စစ်အုပ်စုအောက်မှာ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ Honorary Degree ကို ချီးမြှင့်လိုက်တာဖြစ်ပါတယ်။ ဒီနေ့ပြုလုပ်ကြတဲ့ ဆုပေးပွဲအခမ်းအနားကို အောက်စတာတက္ကသိုလ်ရှိ ခန်းမတခုမှာ ကျင်းပတာဖြစ်ပြီး အခြေအနေနဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုလက်ခံယူတဲ့ ရခိုင်အမျိုးသမီးများ အစည်းအရုံး RWU ဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းက ပြောပြပါတယ်။

“ဒီမှာ တက္ကသိုလ်ကျောင်း ရှိတယ်၊ ဒုတိယ တက္ကသိုလ်ကျောင်း အပါအဝင် ဆရာ ဆရာမတွေစုံလင်စွာနဲ့ ဒီနှစ် ဘွဲ့နှင်းတဲ့ ကျောင်းသားကျောင်းသူတွေအားလုံး၊ သူတို့ရဲ့ဆွေမျိုး အသိုင်းအဝိုင်းတွေနဲ့ အခမ်းအနားကြီး တခုလုံးမှာ ပြည့်နေအောင် စုံစုံညီညီတက်ရောက်ကြတာကို တွေ့ရပါတယ်။ အခမ်းအနားမစတင်ခင်မှာ ကျမကို ဘွဲ့ဝတ်စုံ ဝတ်ပေးပါတယ်။ ဒီတက္ကသိုလ် ဆရာကြီးကပဲ ကျမကို ဒေါ်အောင်ဆန်းစုကြည်အတွက် ရွေးထားတဲ့ ဂုဏ်ထူးဆောင် ဒေါက်တာဒီဂရီဘွဲ့ကို ကျမကို အပ်နှင်းပြီး ဒေါ်အောင်ဆန်းစုကြည်အစား လက်ခံရယူတဲ့ ကျမကို မိန့်ခွန်းစကားပြောခိုင်းပါတယ်။”

ဒေါ်စောမြရာဇာလင်းက သူပြောရတဲ့ မိန့်ခွန်းထဲမှာ သူ ဒီလိုဆုယူနေတဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အကျဉ်းချခံနေရတယ်၊ ယုံကြည်မှုအပေါ်မှာမတ်မတ်ရပ်တည်ပြီး လက်မလျှော့တမ်း တိုက်ပွဲဝင်နေတယ်၊ ရန်သူအပေါ်မှာလည်း ရန်ညှိုးမထားဘူး၊ သူရေးထားတဲ့ Freedom from Fear ဆိုတဲ့ စာအုပ်အတိုင်းပဲ ကြောက်ရွံ့ခြင်း တရားကင်းပြီး တိုင်းပြည်နဲ့လူမျိုးအတွက် တိုက်ပွဲဝင်နေတဲ့ အမျိုးသမီးသူရဲကောင်းတယောက်ဖြစ်ကြောင်း ပြောဆိုခဲ့တယ်လို့ ပြောပါတယ်။

ကျောင်းအုပ်ကြီးအပါအဝင် တခြားတက္ကသိုလ်ဆရာတွေ မိန့်ခွန်းတွေ ပြောကြတဲ့ အချိန်မှာလည်းပဲ ဒေါ်အောင်ဆန်းစုကြည်ကို အခုလိုဂုဏ်ထူးဆောင်ဘွဲ့ပေးရတာဟာ သူ့ရဲ့ပြောင်မြောက်တဲ့ သတ္တိအပေါ်မှာ ဂုဏ်ထူးဆောင်ဘွဲ့ပေးတာဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ဒေါ်အောင်ဆန်းစုကြည်ကို အင်မတန် ချီးမွမ်းပြီး မိန့်ခွန်းစကားတွေ ပြောကြားတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒီဆုကို လက်ခံရယူတဲ့ ဒေါ်စောမြရာဇာလင်းအနေနဲ့ တပိုင်းတစ တတ်နိုင်တဲ့နေရာက ဝိုင်းဝန်းကူညီရာ ရောက်တယ်လို့ ခံယူပြီး အင်မတန်ဝမ်းမြောက်မိပါတယ်လို့ပြောပါတယ်။ ဒီအခမ်းအနားကို ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဂျွန်ဟုမ်းလည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

# မြန်မာနိုင်ငံအပေါ်ပိုမိုအရေးယူပိတ်ဆို့ဖွယ်ရှိ

**RFA၊ ဂျူလိုင် ၅။** ။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုရေး ယူပိတ်ဆို့မယ့် အလားအလာတွေရှိတယ်လို့ ဗြိတိသျှဝန်ကြီးချုပ် Mr.Gordon Brown က မနေ့ကပြောကြားလိုက်ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ရဲ့ မြန်မာနိုင်ငံခရီးစဉ်မအောင်မမြင်ဖြစ်ခဲ့ပြီးတဲ့နောက်မှာ အခုလိုပြောကြားလိုက်တာပါ။ ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်တဲ့ကြေညာချက်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အစီရင်ခံစာကို စောင့်ဆိုင်းနေတဲ့အကြောင်း ပါရှိပါတယ်။ မြန်မာနိုင်ငံအပြောင်းအလဲဖြစ်ရေးအတွက် ချဉ်းကပ်နိုင်တဲ့အလားအလာ ရှိနေအုန်းမယ်လို့ မျှော်လင့်ပေမယ့် အဲဒါဖြစ်မလာဘူးဆိုရင် ထပ်မံပိတ်ဆို့အရေးယူခံရနိုင်တဲ့ အလားအလာအပါအဝင် မြန်မာစစ်အစိုးရဟာ ပိုမိုအထီးကျန်မယ်ဆိုတာ ဝမ်းနည်းစွာကောက်ချက်ချရပါမယ်လို့ Mr.Gordon Brown က ပြောပါတယ်။

Mr.Ban Ki-moon ဟာ လူသားချင်းစာနာရေး၊ ဒီမိုကရေစီနည်းလမ်းကျအစိုးရနဲ့ လူ့အခွင့်အရေးရရှိရေးတို့အတွက် စုပေါင်းတာဝန်ခံထားတဲ့ ကုလသမဂ္ဂရဲ့အသံကို ထုတ်ဖော်ပြောကြားတာဖြစ်လို့ သူမြန်မာနိုင်ငံသွားတာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်တယ်လို့ ပြောပါတယ်။

# မြန်မာနိုင်ငံရှိ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအေးဂျင်စီများ၊ အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ပြောဆိုခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ မိန့်ခွန်းကောက်နုတ်ချက်များ (၂၀၀၉ ခုနှစ်၊ ဂျူလိုင် ၄ ရက်၊ ရန်ကုန်မြို့)

လေးစားအပ်ပါသော သံအမတ်ကြီးများ၊ ဧည့်သည်တော်ကြီးများနှင့် လုပ်ဖော်ကိုင်ဘက်များ၊ လူကြီးမင်းများခင်ဗျား...

ယခု ခရီးစဉ်ဟာ တနှစ်ကျော်ကာလအတွင်း ကျနော့်ရဲ့ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ ကျနော့်ရဲ့ပထမခရီးစဉ်ကတော့ ဆိုင်ကလုန်မုန်တိုင်း နာဂစ်တိုက်ခတ်ပြီးနောက်ပိုင်းမှာ ဖြစ်ပါတယ်။ လူ့အသက်ပေါင်းများစွာ သေကြေပျက်ဆီးပြီး ဒုက္ခပင်လယ်ဝေခဲ့ရတဲ့ အဲဒီ သဘာဝဘေးဒုက္ခကြီးဟာ တကမ္ဘာလုံးကို တုန်လှုပ်စေခဲ့ပါတယ်။ မြန်မာနိုင်ငံကလိုအပ်နေတဲ့အချိန်မှာ ကမ္ဘာကြီးကလည်း ရက်ရက်ရောရောတုန့်ပြန်ခဲ့ပါတယ်။

မုန်တိုင်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး လုပ်ငန်းတွေမှာ အံ့သြစရာကောင်းလောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့အတွက် ယခုတက်ရောက်လာကြသူအားလုံးကို ကျနော့်အနေနဲ့အထူးကျေးဇူးတင်ရှိပါတယ်။ လူကြီးမင်းတို့ဟာ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ကြသူတွေဖြစ်ပါတယ်။ လူထောင်ပေါင်းများစွာအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေ ပြန်လည်ရရှိစေဘို့ ဆောင်ရွက်နိုင်ခဲ့ပြီး မုန်တိုင်းဒဏ်ခံခဲ့ကြရတဲ့ လူ့အဖွဲ့အစည်းကို ပြန်လည်ရှင်သန်နိုးကြားစေခဲ့ပါတယ်။

ကြွရောက်လာကြတဲ့ လူကြီးမင်းများခင်ဗျား...

အာရှတိုက်သားတဦးအနေနဲ့ရော၊ အထွေထွေအတွင်းရေးမှူးချုပ် အနေနဲ့ပါ ဆိုင်ကလုန်းနာဂစ်ရဲ့ ဝမ်းနည်းဘွယ်ရာ ဖြစ်ရပ်ဆိုးကြီးကို ကျနော် နက်နက်ရှိုင်းရှိုင်းခံစားခဲ့ရပါတယ်။ ကျနော်ဟာ အာရှတိုက်ရဲ့ ဒုတိယမြောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ပါတယ်။ ပထမ အထွေထွေအတွင်းရေးမှူးချုပ်ကတော့ မြန်မာနိုင်ငံက ဦးသန့်ပါ။ ကျနော်ဟာ ဦးသန့်ရဲ့လုပ်ဆောင်ချက်တွေကို လေးစားကြည်ညိုသူဖြစ်ပြီး သူ့ရဲ့အမျှော်အမြင်ကြီးမားလှတဲ့ စကားတွေကိုလည်း ပြန်လည်အောင့်မေ့မိပါတယ်။

ဦးသန့်က လူသားတဦးရဲ့တန်ဘိုးဟာ တန်ဘိုးထားအပ်သမျှ အရာအားလုံးထဲမှာ တန်ဘိုးအရှိဆုံးဖြစ်ပြီး ကျွန်ုပ်တို့အားလုံးကြိုးပမ်းအားထုတ်မှုများရဲ့ အစလည်းဖြစ်သလို အဆုံးလည်းဖြစ်ပါတယ်။ အစိုးရများ၊ စနစ်များ၊ အတွေးအခေါ်အယူအဆများနဲ့ အဖွဲ့အစည်းများဟာ ဖြစ်တည်ပြီး ပျက်ဆီးနိုင်ပါတယ်။ သို့ပေမယ့် လူသားမျိုးနွယ်ကတော့ ဆက်လက်တည်ရှိနေပါလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ ကျနော် အခုလိုပြန်လည်လာရောက်ရခြင်းအကြောင်းရင်းက အဲဒါကြောင့်ပါ။

အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ မြန်မာပြည်သူတွေ သူတို့မျှော်လင့်တောင့်တပိုင်ခွင့်ရှိတဲ့ အရာတွေကို ရရှိနိုင်စေဘို့အတွက် အကူအညီပေးရမယ့်ကိစ္စဟာ အရေးကြီးဆုံးလုပ်ငန်းတရပ်ဖြစ်ပါတယ်။ ကုလသမဂ္ဂဟာ ပြည်သူတွေရဲ့အခွင့်အရေးတွေ၊ ကောင်းမွန်တဲ့ဘဝတွေနဲ့ လူ့ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်စေဘို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နေခြင်းဟာ ရွေးချယ်ထားတဲ့နည်းလမ်းတခုမဟုတ်ပါဘူး။ ကျနော်တို့ရဲ့ တာဝန်ဝတ္တရားသာဖြစ်ပါတယ်။

အခုကျနော် မြန်မာနိုင်ငံကိုလာရောက်ခြင်းဟာ ကုလသမဂ္ဂက မြန်မာပြည်သူတွေအပေါ်ထားရှိတဲ့ မယိမ်းယိုင်တဲ့သံန္နိဋ္ဌာန်ကို ပြသဘို့အတွက်ဖြစ်ပါတယ်။ ဒီနေ့ကျနော် ဒီနေရာကနေ ပြောချင်တာကတော့ မြန်မာပြည်သူများခင်ဗျား... ခင်ဗျားတို့ဟာ အထီးကျန်နေသူများမဟုတ်ပါဘူး။ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ ခေတ်သစ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ ခင်ဗျားတို့နဲ့အတူတကွ ကျနော်တို့လည်းပါဝင်ချင်ပါတယ်။ ဆင်းရဲမွဲတေမှုကနေ ပြန်လည်ရုန်းထွက်နိုင်ဘို့အတွက် ခင်ဗျားတို့ကို ကျနော်ကူညီချင်ပါတယ်။

မြန်မာနိုင်ငံဟာလေးစားထိုက်ပြီး တာဝန်သိတတ်တဲ့အဖွဲ့ဝင်နိုင်ငံ တနိုင်ငံအဖြစ် နိုင်ငံတကာအသိုင်းအဝန်းကြားမှာ ရပ်တည်လာနိုင်စေဘို့ ကျနော်တို့လည်း ခင်ဗျားတို့နဲ့အတူတကွ ဆောင်ရွက်ချင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရေရှည်တည်တန့်မယ့် ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိစေဘို့အတွက် ကျနော်တို့လည်း ခင်ဗျားတို့နဲ့အတူတကွ ဆောင်ရွက်ချင်ပါတယ်။ သို့ပေမယ့် ကျနော်အလေးအနက်ထားပြောချင်တာကတော့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းမရှိဘဲ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ချွင်းချက်မဟုတ်ပါဘူး။

ကြွရောက်လာကြတဲ့ လူကြီးမင်းများခင်ဗျား...

စိန်ခေါ်မှုတွေကတော့ အများအပြားရှိနေပါတယ်။ ဒါပေမယ့် အဲဒီစိန်ခေါ်မှုတွေဟာ ဖြေရှင်းမရနိုင်တဲ့အရာတွေတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းသာယာတဲ့၊ ဒီမိုကရေစီထွန်းကားတဲ့၊ ကြွယ်ဝချမ်းသာတဲ့ မြန်မာနိုင်ငံဖြစ်လာဘို့ဆိုတာ အလွန်ရှုတ်ထွေးတဲ့ဖြစ်စဉ်တခုဆိုတာကို အတွေ့အကြုံတွေကတဆင့် ကျနော်တို့သိရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ ဘယ်ပြဿနာရပ်မဆို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းနိုင်ခြင်းမရှိပါဘူး။ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့အခွင့်အရေးတွေဟာ တခုနဲ့တခုအပြန်အလှန်နီးကပ်စွာ ဆက်စပ်လျှက်ရှိပါတယ်။

အဲဒီပြဿနာရပ်တွေကို တန်းတူအလေးထားဖြေရှင်းဆောင်ရွက်ဘို့ ပျက်ကွက်တာဟာ ဒီမိုကရေစီအရှည်တည်တန့်မယ့် ငြိမ်းချမ်းရေးနဲ့ကြွယ်ဝချမ်းသာခြင်းတို့အတွက် အလားအလာတွေကိုဆိတ်သုဉ်းအောင် လုပ်နေသလို အန္တရယ်ရှိပါတယ်။ ဒါပေမယ့် တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမှန်တကယ် စိတ်ဆန္ဒရှိမယ်ဆိုရင် အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်ကို ကျနော်တို့လည်းသိရှိပါတယ်။

ယနေ့အခါသမယတွင် မေးရမည့်မေးခွန်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးများကို အပြည့်အဝလေးစားလိုက်နာရေးတို့အတွက် မြန်မာနိုင်ငံသည် အချိန်မည်မျှကြာကြာ စောင့်ဆိုင်းရန် တတ်နိုင်ပါသေးသနည်း။ နှောင့်နှေးကြန့်ကြာခြင်းအတွက် ပေးဆပ်ရမှုတွေကတော့ ပြည်သူတို့ရဲ့ဘဝတွေ အချည်းအနှီးဖြစ်ခြင်း၊ အခွင့်အလမ်းများဆုံးရှုံးခြင်းနဲ့ နိုင်ငံတကာအသိုင်းအဝန်းက ကာလကြာရှည် ဖယ်ကျဉ်ထားခြင်းတို့ ဖြစ်ပါလိမ့်မယ်။

ကျနော့်အနေနဲ့ ရှင်းရှင်းလင်းလင်း ပြောချင်တဲ့အချက်ကတော့ မြန်မာပြည်သူအားလုံးဟာ အမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်ရမည်ဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေနဲ့ အပစ်အခတ်ရပ်စဲရေးလမ်းကြောင်းကိုရွေးခဲ့တဲ့ လက်နက်ကိုင်အဖွဲ့တွေက ကိုယ်စားလှယ်တွေကို မနေ့ကတွေ့ဆုံစဉ်က ဒီအချက်ကိုကျနော်ပြောခဲ့ပါသေးတယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်တွေနဲ့ ငြိမ်းချမ်းရေးအတွက် ဒီအဖွဲ့အစည်းတွေက သံန္နိဋ္ဌာန်ချဆောင်ရွက်ကြဘို့ ကျနော်တိုက်တွန်းခဲ့ပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ် အဓိကတာဝန်ရှိသူကတော့ မြန်မာအစိုးရဖြစ်ပြီး တိုင်းပြည်ကို သူတို့ဖော်ပြခဲ့တဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရရှိရေးဆီကို ခေါ်ဆောင်သွားသင့်ပါတယ်။ ဒီလိုလုပ်ဆောင်ဘို့ ပျက်ကွက်ခြင်းဟာ မြန်မာပြည်သူတွေရဲ့စွမ်းရည်ကို အပြည့်အဝသိနားလည်စေခြင်းက တားဆီးပိတ်ပင်ထားရာလည်း ရောက်ပါတယ်။ ဒီလိုလုပ်ဆောင်ဘို့ပျက်ကွက်ခြင်းဟာ မြန်မာပြည်သူတွေကို လူ့ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်တဲ့အခွင့်အရေး ပိုမိုကျယ်ပြန့်တဲ့လွတ်လပ်မှုနဲ့အတူ ကောင်းမွန်တဲ့ လူနေမှုအဆင့်အတန်း ရရှိစေဘို့ ငြင်းဆန်တာနဲ့တူတူပါဘဲ။

ဒီလိုမူဝါဒစည်းမျဉ်းများဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းရဲ့ အခြေခံကျောရိုးဖြစ်ပြီး ဒီစာတမ်းရဲ့ပထမဆုံးစကားလုံးကတော့ 'ကျွန်ုပ်တို့ပြည်သူများသည်' ဖြစ်ပါတယ်။ လွတ်လပ်တဲ့မြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီလိုမြင့်မြတ်တဲ့ဝေါဟာရကို ထပ်တူဖော်ပြထားခဲ့ပါတယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

# သတင်းပြက္ခဒိန်

**ဂျူလိုင် ၆ ၊ DVB ။ ။** DKBA – ကရင်၊ NDAK – ကချင်၊ KDA – ရှမ်း၊ PNO – ကယား စသည့် အပစ်အခတ်ရပ်အဖွဲ့အချို့ ဂျူလိုင် ၃ တွင် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်တွေ့ ဆုံခဲ့၏။ မိမိပြောချင်တာမပြောရဘဲ နအဖပြောခိုင်းတာသာ ပြောခဲ့ရသည်ဟု တွေ့ ဆုံခွင့်ရ ဒီကေဘီအေဝင်တဦးမှဆို၏။

**ဂျူလိုင် ၇ ၊ RFA ။ ။** ဘန်ကီမွန်းနှင့်နေပြည်တော်တွင် တွေ့ဆုံခဲ့သော NLD ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၄ ဦးမှ ရှင်းလင်းပွဲတခုကို NLD ရုံးချုပ်တွင် ယနေ့ ပြုလုပ်ခဲ့ရာ အမေရိကန်နဲ့ဩစတြေးလီးယားမှ သံတမန်များတက်ရောက်ခဲ့ကြောင်း၊ ပါတီဗဟိုအမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေမှဆို၏။

**ဂျူလိုင် ၇ ၊ Irrawaddy ။ ။** မြန်မာစစ်အစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းကို အလေးမထားဘဲ ထင်ရာဆိုင်းလျှင် ပိုမိုအထီးကျန်မည်ဟု ဘန်ကီမွန်း သတိပေး၏။

**ဂျူလိုင် ၇ ၊ LDN ။ ။** ၁၉၆၂ ကျောင်းသားများသွေးမြေကျ ၄၇ နှစ် အထိမ်းအမှတ်ကို လန်ဒန် နအဖသံရုံးရှေ့တွင် ဆန္ဒပြပွဲကျင်းပခဲ့၏။

**ဂျူလိုင် ၇ ၊ DUBLIN ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အိုင်ယာလန်ပြည်နယ် အော်စကာတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့အပ်နှင်း၏။

**ဂျူလိုင် ၈ ၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ဂျူလိုင် ၇ တွင် လန်ဒန်မြို့ Trafalgar Square တွင်ပြုလုပ်သည့်အနုပညာပြပွဲတွင် ဗြိတိသျှအမျိုးသမီးတဦး စင်မြင့်ပေါ်မှ ကိုထိန်လင်းရေးသည့် ဒေါ်အောင်ဆန်းစုကြည်ပုံ ပန်းချီကားကိုကိုင်၍ မြန်မာပြည်အကြောင်း ဟောပြောခဲ့၏။

**ဂျူလိုင် ၉ ၊ L'AQUILA,Italy ။ ။** မြန်မာတွင် ပွင့်လင်းမျှတပြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဦးတည်ရန် ပါတီအဖွဲ့အစည်းပေါင်းစုံပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အရေးတကြီးလိုအပ်သည်ဟု အီတလီတွင်ကျင်းပဆဲ G-8 ခေါ် စက်မှုထိပ်သီး ၈ နိုင်ငံဆွေးနွေးပွဲထုတ်ပြန်ချက်မှဆို၏။

**ဂျူလိုင် ၉ ၊ NEJ ။ ။** ဗိုလ်ချုပ်ဟောင်းခင်ညွန့် မကြာမီရက်ပိုင်းက အပြင်ထွက်ခွင့်ရခဲ့ကြောင်း။ ဗိုလ်ချုပ်တင့်ဆွေ၏ဇနီး ဒေါ်ခင်စန်းအသုဘသို့လာခြင်းဖြစ်ကြောင်း။

**ဂျူလိုင် ၉ ၊ VOA ။ ။** မြန်မာနိုင်ငံနောက်ဆုံးအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ခေါ်ယူဆွေးနွေးရန် ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုတို့မှ တောင်းဆိုနေ၏။

**ဂျူလိုင် ၉ ၊ DVB ။ ။** အဲန်အဲလ်ဒီအဖွဲ့ ချုပ်ဝင် ၄ ဦးသည် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်နေပြည်တော်တွင် ၂ မိနစ်သာတွေ့ ခွင့်ရခဲ့ကြောင်း အဲန်အဲလ်ဒီမှဆို၏။ ဘန်ကီမွန်း ယခု မြန်မာခရီးစဉ်မအောင်မြင်သော်လည်း ပါတီအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များ ဆက်လက်လုပ်ဆောင်မည်ဟုဆို၏။

**ဂျူလိုင် ၉ ၊ DVB ။ ။** လပွတ္တာမြို့နယ်တွင် လယ်လုပ်သူများ စိုက်ပျိုးစရိတ်မရသော်လည်း လယ်အသိမ်းခံရမည်စိုး၍ ဖြစ်အောင်စိုက်နေကြရကြောင်း။

**ဂျူလိုင် ၉ ၊ DVB ။ ။** ပဲခူး၊ တောင်ငူတို့တွင် နအဖနှင့်ဒီကေဘီအေ ပူးပေါင်းထိုးစစ်ကို ကေအင်ယူသည် ပြောက်ကျားစစ်အဓိက သုံးခုခံတိုက်ခိုက်မည်ဟု ကေအဲန်ယူမှဆို၏။

**ဂျူလိုင် ၉ ၊ Mineapolis Star Tribune ။ ။** သွေးထွက်သံယိုမရှိ သေနတ်ဖောက်မှုမရှိဘဲ၊ မြောက်ကိုးရီးယားသင်္ဘောသည် မြန်မာသို့ပို့ရန် အနုမြူပညာနှင့် လက်နက်များမပို့နိုင်ခဲ့ဘဲ နောက်ကြောင်းလှည့်က အိမ်ပြန်ခဲ့ရခြင်းသည် အမေရိကန်နိုင်ငံခြားရေးပေါ်လစီ၏ အောင်မြင်မှုတခုဖြစ်ကြောင်း။

**ဂျူလိုင် ၉ ၊ L"AQUILA ။ ။** ဒေါ်အောင်ဆန်းစုကြည်မပါနိုင်သ၍ မြန်မာတွင် ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲမဖြစ်နိုင်ဟု ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒင်ဘရောင်းနှင့် ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းတို့မှ ဂျီ ၈ ဆွေးနွေးပွဲကြီးပြင်ပ ဘေးဆွေးနွေးပွဲတွင်သဘောတူ၏။

**ဂျူလိုင် ၉ ၊ Malay Newspapers ။ ။** မလေးရှားသည် မိမိဘဏ်များမှပိတ်ပင်ထားသည့် လုပ်ငန်းများလုပ်ကာ ကုလပိတ်ပင်ချက်များ ချိုးဖောက်ခြင်းကို သည်းခံမည်မဟုတ်ဟု မြန်မာ – မြောက်ကိုးရီးယား လက်နက်အရောင်းအဝယ်ကိစ္စတွင် မလေးရှားကုမ္ပဏီ ပါငြိနေမှုတွင် မလေးဝန်ကြီးချုပ်မှ သတင်းစာရှင်းလင်းပွဲတွင်ဆို၏။

**ဂျူလိုင် ၉ ၊ Irrawaddy ။ ။** ကချင်ပြည်နယ် တွင် တောင်ပြို၍ လူ ၃၀ ခန့်သေဆုံးသည်ဟု ခန့်မှန်းရကြောင်း။

**ဂျူလိုင် ၉ ၊ BKK ။ ။** မြန်မာပြည်ပြန်လာသော ဘန်ကီမွန်းနှင့် ဆွေးနွေးပြီးနောက် ထိုင်းဝန်ကြီးချုပ်သည် မြန်မာသို့သွားမည်ဟု ဗြိတိန်လျှို ၀ုက်ရဲမှဆို၏။

**ဂျူလိုင် ၉ ၊ LDN ။ ။** ဒေါ်စုအား ဖမ်းထားပုံသည် ဆိုဗီယက်ယူနီယံခေတ် ဆိုဗီယက်အကျဉ်းထောင်နှင့်တူကြောင်း ဗြိတိသျှစုံထောက်အဖွဲ့ M-16 မှဆို ၏။

**ဂျူလိုင် ၁၀ ၊ Boston Globe ။ ။** ကုလအတွင်းရေးမှူးချုပ်သည် နအဖဗိုလ်ချုပ်များ၏ခေါင်းမာပုံကို လက်တွေ့သိခဲ့ပြီးနောက် မြန်မာနှင့်ပြည်သူများ လွတ်မြောက်ရန် ကမ္ဘာ့ကုလသမဂ္ဂမှ မည်သို့ပြုသင့်သည်ဟူသောမေးခွန်းကို ဖြေသင့်၏။

**ဂျူလိုင် ၁၀ ၊ LA, USA ။ ။** Shepard Fairley 39 ရေးဆွဲသည့် FREEDOM TO LEAD ခေါင်းစည်းဖြင့် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးခိုရုပ်ဖြင့် ပန်းချီကားကို မြန်မာနှင့် ကမ္ဘာသို့ဖြန့်ရန် http://obeygiant.com မှ ဖြန့်ဝေထုတ်ယူလက်ဆင့်ကမ်းနိုင်ကြောင်း။

**ဂျူလိုင် ၁၀ ၊ RGN-AP ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ၁၉၈၈ တွင်ဖျက်သိမ်းခဲ့သည့် ၁၉၇၄ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ စွပ်စွဲမှုသည် အပြစ်ကင်းစင်ကြောင်း သူမ၏နောက်ဆုံးသက်သေ ဒေါ်ခင်ခင်မိုးမှထွက်ဆို၏။ ဥပဒေမဲ့စွပ်စွဲထားခြင်းဖြစ်၍ သူမတွင် အပြစ်မရှိဟု သူမ၏နောက်ဆုံးသက်သေမှဆို၏။ အမှုအား လျှောက်လဲချက်ပေးရန် ဂျူလိုင် ၂၄ သို့ချိန်း၏။ ဒေါ်အောင်ဆန်းစုကြည်ထောက်ခံသူ ၁၀၀ ခန့်ထောင်ပြင်တွင်ရှိပြီး လုံထိန်းကားကြီးတစီးတိုက်အသင့်ရှိကြောင်း။

**ဂျူလိုင် ၁၀ ၊ TNA ။ ။** ထိုင်းတွင်အလုပ်ရှာနေသော မြန်မာမှအလုပ်သမားများ၏ မည်သည့်နိုင်ငံသားဖြစ်သည်ကိုစစ်ဆေးရန် ထိုင်းနှင့်မြန်မာအရာရှိများ သဘောတူခဲ့၏။

**ဂျူလိုင် ၁၀ ၊ Northern Echo ။ ။** အရေးအခင်းများတွင် နအဖ ဖုံးထားသည့်သတင်းများ မှန်မှန်ကန်ကန်ကမ္ဘာသို့ သက်စွန့်ဆံဖျားဖမ်းယူလွှင့်ထုတ်သော မြန်မာသတင်းသူရဲကောင်းငါးဦး၏ ထုတ်လွှင့်ချက်များကို စုပေါင်းထားသည့် Burma VJ သတင်းရုပ်ရှင်သည် ရုပ်ရှင်ရုံများတွင် ဂျူလိုင် ၁၄ မှစ၍ ပြတော့မည်၏။

**ဂျူလိုင် ၁၁ ၊ AP ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှုသည် လုံးဝမျှတမှုမရှိကြောင်း၊ မိမိအားတရားခွင်သို့ ဝင်ခွင့်မပြုခဲ့ကြောင်း၊ တရားလိုပြသက်သေ ၁၄ ဦးခွင့်ပြုခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်ဖက်မှ ၂ ယောက်သာ သက်သေပြခွင့်ရခဲ့ကြောင်း ရန်ကုန်ရှိ ဗြိတိသျှသံရုံးမှ Charges d'affair Jeremy Hodges မှ ယမန်နေ့အမှုကိုဝေဖန်၏။

**ဂျူလိုင် ၁၁ ၊ Rtrs ။ ။** ယမန်နေ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်ခြံအကျဉ်းချမှုဖောက်ဖျက်မှု တံခါးပိတ်စစ်ဆေးမှု ယနေ့နောက်ဆုံးသက်သေ ဥပဒေကျွမ်းကျင်သူ ဒေါ်ခင်မိုးမိုးအားစစ်ဆေးကာ အမှုအဆုံးသတ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်ဖက်မှ သက်သေ ၂ ဦးထွက်ဆိုခွင့်ရခဲ့ကြောင်း၊ နောက်ဆုံးလျှောက်လဲချက်ပေးရန် ဂျူလိုင် ၂၂ သို့ ချိန်း၏။ နောက်ဆုံးလျှောက်လဲချက်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးပြီးကြောင်း သူမ၏ရှေ့နေ အဲန်အဲယ်လ်ဒီ ဦးညဏ်ဝင်းမှဆို၏။

**ဂျူလိုင် ၁၁ ၊ Sydney Herald ။ ။** ဒေါ်စုအမှု စစ်ဆေးခြင်းနောက်ဆုံးနေ့ ဂျူလိုင် ၁၀ တွင် အာဏာပိုင်များသည် လုံထိန်းရဲနှင့်ကားများ အသင့်ထားခဲ့ကြောင်း။

# ထိုင်းနိုင်ငံရောက် မြန်မာများ၏ ဆဲဗင်းဇူလိုင် ၄၇ နှစ်မြောက်နေ့ ကျင်းပကြပုံ

**DVB ၊ ဂျူလိုင် ၇ ။** ။ ဒီနေ့ ဇူလိုင်လ ၇ ရက်နေ့ဟာ ရန်ကုန်တက္ကသိုလ်ဝင်းထဲက ကျောင်းသားသမဂ္ဂ အဆောက်အဦးကို စစ်တပ်က ဗုံးခွဲဖြိုချိခဲ့တဲ့ ၄၇ နှစ်မြောက်နေ့ဖြစ်ပါတယ်။

ဆဲဗင်းဇူလိုင် ၄၇ နှစ်မြောက် အထိမ်းအမှတ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံးရှေ့မှာ ပြည်ပရောက် မြန်မာကျောင်းသားဟောင်းများအဖွဲ့က ကြွေးကြော်သံတွေနဲ့ ဆန္ဒပြခဲ့ကြပါတယ်။

"ကျောင်းသားသမဂ္ဂအဖွဲ့ ဖွဲ့စည်းပေးရေး ... ဒို့အရေး ဒို့အရေး။ အဖမ်းဆီးခံ ကျောင်းသား ကျောင်းသူများအား လွှတ်ပေးရေး ... ဒို့အရေး ဒို့အရေး။ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး ဒို့အရေး ဒို့အရေး။ ဒီမိုကရေစီ ရရှိရေး ဒို့အရေး ဒို့အရေး။ ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိ အလိုမရှိ။" ဒီဆန္ဒပြပွဲနဲ့ပတ်သက်ပြီး ကိုယ်တိုင်ပါဝင် ဆန္ဒပြခဲ့တဲ့ ပြည်ပရောက် မြန်မာကျောင်းသားဟောင်းများအဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ကိုသန်းစိုးက ပြောပါတယ်။

"ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်နေတဲ့ ဦးနုအစိုးရကို ဖြုတ်ချပြီး ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်း စစ်တပ်အစိုးရ တက်လာတယ်။ ကျောင်းသားတွေက မကျေနပ်လို့ ချီတက်လမ်းလျှောက်ဆန္ဒပြတာကို ကျောင်းသားသမဂ္ဂအဆောက်အဦးကိုဖြိုခွဲဖျက်ဆီးပစ်လိုက်တယ်။ အဲဒီနေ့မှာ ကျောင်းသားသမဂ္ဂလည်း ဖြိုကွဲပျက်စီးခဲ့သလို ကျောင်းသားတွေလည်း သွေးမြေကျခဲ့ရတယ်။ အဲ့ဒီအဖြစ်အပျက်ကို မနေ့တနေ့က လို ရင်ထဲမှာ ခံစားနေရလို့ ဒီလိုနေ့မှာ ဆန္ဒပြရခြင်း ဖြစ်ပါတယ်။"

ဒီဆန္ဒပြပွဲကို နေ့ခင်းတနာရီမှာ စတင်ပြုလုပ်ခဲ့တာဖြစ်ပြီး အားလုံး ကျောင်းသား ၄၀ လောက် တက်ရောက်ခဲ့ပါတယ်။ အလားတူ မဲဆောက်မြို့မှာလည်း ဆဲဗင်း ဇူလိုင် ၄၇ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားတခုကို အမျိုးသမီးများအတွက် လူမှုစောင့်ရှောက်ရေးအဖွဲ့ SAW ကျောင်းမှာ ပြုလုပ်ခဲ့ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးတို့ ပူးပေါင်းကျင်းပတာဖြစ်ပါတယ်။ အခမ်းအနားနဲ့ပတ်သက်လို့ အမျိုးသမီးများအတွက်လူမှုစောင့်ရှောက်ရေးအဖွဲ့ SAW ကျောင်းရဲ့ ပညာရေးတာဝန်ခံ ကိုမင်းမင်းက အခုလိုပြောပြပါတယ်။

"အဓိက ကျင်းပရတဲ့ရည်ရွယ်ချက်က ကျောင်းသားဆိုတဲ့ စိတ်ဓာတ်၊ ကျောင်းသားတွေဟာ ခေတ်အဆက်ဆက်တိုက်ပွဲတိုင်းမှာ ဘယ်လိုမျိုး ရှေ့တန်းက ပါဝင်ခဲ့သလိုဆိုတဲ့ စိတ်ဓာတ်၊ ကျောင်းသားဆိုတာ အမှန်တရားကို မြတ်နိုးတယ်ဆိုတဲ့ စိတ်ဓာတ်၊ ကျောင်းသားဆိုတာ ဘယ်လောက်ထိရဲဝံ့တယ်ဆိုတဲ့ စိတ်ဓာတ်တွေကို လက်ဆင့်ကမ်းပေးတာ ဖြစ်ပါတယ်"

ဆဲဗင်းဇူလိုင် အခမ်းနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပတာဟာ လူထုရှေ့မှာ ရဲရဲမတ်မတ်ရပ်ခဲ့ကြတဲ့ ကျောင်းသားစိတ်ဓာတ်၊ သမဂ္ဂစိတ်ဓာတ်မပျောက်ပျက်အောင် လက်ဆင့်ကမ်းတဲ့အနေနဲ့ ပြုလုပ်တာ ဖြစ်တယ်လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် နိုင်ငံခြားရေးရာ ကော်မတီတာဝန်ခံ ကိုမင်းနိုင်ကပြောပြပါတယ်။

"အရင်ကဆို မြန်မာပြည်ထဲမှာ အခမ်းအနားလေးတွေ စစ်အာဏာရှင်စနစ်အောက်မှာတင် ကျင်းပခဲ့တာ၊ လုပ်ခဲ့ကြတာရှိတယ်။ အခု မြန်မာပြည်ထဲမှာဆိုရင် ထောင်ထဲမှာဖြစ်စေ၊ အခြားနေရာမှာဖြစ်စေ ဆဲဗင်းဇူလိုင် အခမ်းအနားကတော့ အကျဉ်းချုံး သဘောမျိုးဖြစ်ဖြစ်လုပ်ကြမှာပဲ။ မြန်မာပြည်လွတ်လပ်ရေးအတွက်ပဲဖြစ်ဖြစ်၊ နယ်ချဲ့ဆန့်ကျင်ရေးကာလ၊ လွတ်လပ်ရေးကာလ၊ ဖက်ဆစ်ဆန့်ကျင်ရေးကာလ၊ ပြည်တွင်းငြိမ်းချမ်းရေးကာလတွေမှာ ဒီကျောင်းသားလှုပ်ရှားမှုတွေက အမြဲတမ်းအရေးကြီးတဲ့ အခန်းကဏ္ဍကပါတယ်။ ဗိုလ်နေဝင်း စစ်အာဏာ စသိမ်းတဲ့နှစ်မှာ ပထမဦးဆုံးဆန့်ကျင်တာကလည်း ကျောင်းသားတွေပဲ။ ကျောင်းပရိဝုဏ်ထဲမှာပဲ ဆန့်ကျင်မှုအတွက် အသက်တွေအများကြီးပေးခဲ့၊ ကျဆုံးခဲ့ရတယ်။ ဒီလို အသက်စွန့်ပြီး လူထုရှေ့မှာ မားမားမတ်မတ်ရပ်တဲ့ ကျောင်းသားစိတ်ဓာတ်၊ သမဂ္ဂစိတ်ဓာတ် မပျောက်ပျက်ဖို့ နှစ်စဉ် ဒီနေ့အထိကျင်းပခဲ့တာ ဖြစ်ပါတယ်။"

ဒီနေ့ အခမ်းအနားကို တက်ရောက်ခဲ့တဲ့ ၇ တန်းကျောင်းသူ တဦးက "သမီး အမှားအမှန်တွေကိုလည်း ခွဲခြားနိုင်တယ်။ သမီးတို့ နှစ်ကျရင် ဒီလို မတရား ဖိနှိပ်ချုပ်ချယ်မှုတွေမခံရအောင်၊ လွတ်လွတ်လပ်လပ် ပညာသင်ကြားရမယ့် အခွင့်အရေးတွေရအောင်လုပ်မယ်" လို့ပြောပါတယ်။ အခမ်းနားကို မနက် ၁၀ နာရီမှာ စတင်ကျင်းပခဲ့တာ ဖြစ်ပြီး ကျောင်းသားအများစုအပါအဝင် အားလုံးပေါင်း ၁၅၀ ကျော် တက်ရောက်ပါတယ်။

# ပဲခူးမြို့နယ်တွင် ကလေးငယ် အများအပြား သွေးလွန်တုပ်ကွေး ထပ်မံဖြစ်ပွား

**DVB ၊ ဂျူလိုင် ၆ ။** ။ ပဲခူးမြို့နယ်မှာ ကလေးငယ်တွေ သွေးလွန်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားလျှက်ရှိနေပြီး သေဆုံးသူ အချို့ရှိတယ်လို့ သိရပါတယ်။

ဆေးရုံပေါ်မှာ ဒီရောဂါခံစားနေရတဲ့ ကလေးငယ် တရာနီးပါးရှိတယ်လို့ ပဲခူးဆေးရုံနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"ပဲခူးမှာတော်တော် ထပ်ဖြစ်တာ။ ဟံသာဝတီဘက်မှာ တယောက်နောက်ရပ်ကွက်တခုမှာ တယောက်၊ နှစ်ယောက်တော့ သေဆုံးတာရှိတယ်။ ဟိုတနေ့က သွားကြည့်လိုက်တာ ၁၀၀ နီးပါလောက်ရှိမယ်၊ ပဲခူးမြို့က အများဆုံးပဲပေါ့၊ သနပ်ပင်တို့က လာတက်တဲ့ ကလေးတော်တော်များများလည်းရှိတယ်။ ဖျားတဲ့ ကလေးကများနေတော့ ကျောင်းကို သိပ်ပြီးတော့ပေးမလွှတ်ကြဘူး။ ဟိုတုပ်ကွေးလိုလို၊ ဒီတုပ်ကွေးလိုလို ဖြစ်တော့ မိဘတွေက စိုးရိမ်ပြီး နေ့ကလေးထိန်းကျောင်းတွေဆိုရင် ကလေးတွေ အဖျားကူးမှာ ကြောက်လို့ မပို့ကြဘူး။"

မြို့နယ်ကျန်းမာရေးဌာနက ခြင်နှိမ်နင်းရေး ပိုးသတ်ဆေး ဖြန်းဖို့အတွက် ခြင်ဆေးဖိုးနဲ့ စက်မောင်းခ လောင်စာဆီဖိုးတောင်းခံမှုတွေရှိတယ်လို့ သူက ပြောပါတယ်။ သွေးလွန်တုပ်ကွေးရောဂါနဲ့ ကလေးငယ်တွေ သေဆုံးကြတာဟာ ဒေသခံတွေအနေနဲ့ ကျန်းမာရေးဗဟုသုတ အားနည်းနေသေးတာကြောင့်လို့ ပဲခူးမြို့က အထူးကုဆရာဝန် တယောက်ကပြောပါတယ်။

"နောက်ကျတဲ့ကလေးဆိုတာက ကိုယ့်ဟာကို ပါရာစီတမောကို နည်းမျိုးစုံနဲ့တိုက်တယ်။ ပါရာစီတမော ကြော်ငြာတွေကလည်း အားအရမ်းကောင်းနေတယ်၊ ဗမာဆေးတွေကလည်း ပါရာစီတမောတွေ ထောင်းပြီးတော့ အပူကျဆေးဆိုပြီးတော့ နည်းမျိုးစုံရောင်းနေကြတော့ လွယ်လင့်တကူသောက်လို့ရတယ်လေ။ မစစ်ဆေးဘဲနဲ့ ကိုယ်ခန္ဓာအေးတယ်၊ ရောဂါက ဆက်သွားနေတော့ လေးရက်မြောက်ကျတော့ သွေးပေါင်ကျတယ်၊ ငါးရက်မြောက်ကျတော့ သေကုန်ရော။ မိဘတွေက သွေးလွန်တုပ်ကွေး ဖြစ်နိုင်မလားဆိုတဲ့ သံသယလေး ရှိရင် ဘယ်ကလေးမှ မသေသင့်ပါဘူး။"

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးဌာန၊ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအများပူးပေါင်းပြီး ခြင်အန္တရာယ်ကာကွယ်နှိမ်နင်းရေးတွေ များများလုပ်ဖို့လိုတယ်လို့လည်း သူက ပြောပါတယ်၊ မိဘတွေအနေနဲ့ သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာတွေကိုလည်း သိထားသင့်တယ်လို့ သူက ပြောပါတယ်။

"ဖျားတဲ့ ကလေးတိုင်းဟာ သွေးလွန်တုပ်ကွေး ဖြစ်နိုင်တယ်လို့ မိဘတွေကသိရမယ်။ သွေးလွန်တုပ်ကွေးဖြစ်တဲ့ ကလေးက သုံးရက်ကနေ ငါးရက်အတွင်းမှာအပြင်းစားဖြစ်ရင် သွေးပေါင်ကျတယ်။ သွေးပေါင်ကျရင် မိဘတွေက ဆရာဝန်နဲ့သွေးတိုင်းမှမဟုတ်ပဲနဲ့ မှိန်းအေး ချွေးပြန်လို့ပဲ သင်ပေးလိုက်တယ်၊ သုံးရက်က ငါးရက်အတွင်း မှိန်းတယ်၊ ချွေးစေးတွေ ပြန်လာတယ်၊ ကိုယ်ခန္ဓာအေးစက်စက်ဖြစ်လာတယ်ဆိုရင် သေချာပေါက် သွေးပေါင်ကျပြီလို့ မှတ်ရမယ်။ အဲ့လို ဆိုရင်နိုပ်တာ ဆန္နင်းလူးတာမလုပ်ဘဲနဲ့ နီးစပ်ရာဆေးရုံကို သွားရတော့မှာ။"



## ယပ်တောဆေးရုံတက်ရ

ဒေါ်စုနေအိမ်ထဲကို ရေကူးပြီးဝင်တယ်လို့ နအဖက ပြောတဲ့ အမေရိကန်က ဂျွန်ယပ်တောဟာ အစားကောင်းကောင်းမစားနိုင်တာ ၄၉ ရက်ရှိနေတာမို့ ဆေးရုံတင်လိုက်ရတယ်လို့ သိရပါတယ်။ ဒေါ်စုကိုလုပ်ကြံမှုကနေကာကွယ်ဖို့ ဘုရားသခင်က စေလွှတ်လိုက်လို့ မြန်မာပြည်ကို လာရောက်ခဲ့တဲ့အကြောင်း ဂျွန်ယပ်တောက သူ့ကိုပြောတယ်လို့ ရှေ့နေဦးခင်မောင်ဦးက ပြောပါတယ်။ **(IRRAWADDY, 10.7.2009)**

## မိဘမဲ့ကလေးများခိုကိုးရာမဲ့

နအဖက ကေအဲန်ယူကို ထိုးစစ်ဆင်တာတွေ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်လောက်ကစတင်ခဲ့ပြီးတဲ့နောက် တိုက်ခိုက်မှုတွေ ပြင်းထန်လာခဲ့ပါတယ်၊ ထိုင်းဘက်ကိုထွက်ပြေးလာတဲ့ဒုက္ခသည်အရေအတွက်ဟာ ၄၀၀၀ ကျော်လာတဲ့အတွက် ၁၉၉၇ ခုနှစ်ကနေကြည့်မယ်ဆိုရင် အများဆုံးပမာဏဖြစ်ပါတယ်၊ အဲဒီအထဲမှာ မိဘမဲ့ကလေး ၉၆ ယောက်တို့ဟာ သူတို့ရဲ့မိဘမဲ့ဂေဟာကနေ ထွက်ပြေးခဲ့ရပြီး ထိုင်းနိုင်ငံဘက်ကိုရောက်လာတယ်လို့ သိရပါတယ်။ **(AFP, 10.7.2009)**

## ခင်ညွန့်က အသုဘသတင်းမေးသွားသတဲ့

မဆလစက်မှုဝန်ကြီးဖြစ်ခဲ့တဲ့ ဗိုလ်မှူးချုပ်တင့်ဆွေရဲ့ဇနီးကွယ်လွန်သွားတဲ့အတွက် နေအိမ်အကျယ်ချုပ်ချခံထားရတယ်လို့ဆိုတဲ့ ထောက်လှမ်းရေးဗိုလ်ချုပ်ခင်ညွန့်နဲ့သူ့ရဲ့ဇနီးတို့ဟာ အသုဘသတင်းမေးသွားတယ်လို့သိရပါတယ်၊ ရန်ကုန်ကသတင်းရပ်ကွက်တခုကို ကိုးကားပြီး ဧရာဝတီစာစောင်က ထောက်လှမ်းရေးဗိုလ်ခင်ညွန့်ဟာ ကျန်းမာရေးကောင်းတဲ့ပုံထွက်တယ်လို့ ရေးထားပါတယ်။ **(IRRAWADDY, 10.7.2009)**

## ဂျီအိတ်တောင်းဆိုချက်

အီတလီနိုင်ငံမှာပြုလုပ်တဲ့ ဂျီအိတ်ထိပ်သီးဆွေးနွေးပွဲမှာ တက်ရောက်လာသူတွေက မြန်မာနိုင်ငံမှာ ဒေါ်စုနဲ့နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ အဲဒါအပြင် တွေ့ဆုံဆွေးနွေးရေးနဲ့ ပြန်လည်သင့်မြတ်ရေးကိုလုပ်ဆောင်ဖို့၊ သိမြင်နားလည်လွယ်ပြီး လွတ်လပ်တရားမျှတတဲ့ရွေးကောက်ပွဲလုပ်ဖို့ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ **(VOA, 10.7.2009)**

## ဒုတိယမြောက် H 1 N 1

နအဖထိန်းချုပ်ထားတဲ့မီဒီယာတွေက မြန်မာနိုင်ငံတွင်းမှာ ဒုတိယမြောက် H 1 N 1 တုပ်ကွေးရောဂါပိုးကူးစက်ခံရမှုကို အတိအလင်းထုတ်ပြန်လိုက်ပါတယ်။ ထိုင်းနိုင်ငံကနေပြန်လာခဲ့တဲ့ အသက် ၂၀ အရွယ်လူငယ်တယောက်မှာ အဲဒီလိုဝေဒနာခံစားနေရတယ်ဆိုတာကို စစ်ဆေးတွေ့ရှိတဲ့အတွက် ဂျူလိုင် ၆ ရက်နေ့ လေယာဉ်အတူစီးလာသူ ၁၀၄ ဦးနဲ့ မိသားစုဝင်တွေကို စောင့်ကြည့်စစ်ဆေးမှုတွေလုပ်တယ်လို့ ဆိုပါတယ်။ **(DVB, 10.7.2009)**

## ကျောက်စိမ်းရောင်းကောင်းသတဲ့

ကြိုတင်အသိမပေးပဲ ကျင်းပခဲ့တဲ့ နအဖရဲ့ကျောက်စိမ်းရောင်းချပွဲကို ၁၃ ရက်ကြာကျင်းပပြီးစီးတဲ့အခါ ဒေါ်လာ ၂၉၂ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။ ကျောက်စိမ်းအတွဲပေါင်း ၅၀၀၀ နီးပါးလောက်ကို ပြည်တွင်းပြည်ပကျောက်ကုန်သည် ၅၀၀၀ ကျော်တက်ရောက်ခဲ့ကြပါတယ်။ အမေရိကန်က မြန်မာပြည်ကကျောက်မျက်တွေကို အမေရိကန်သို့မရောက်လာစေဖို့ပိတ်ပင်တား ဆီးမှုတွေလုပ်ခဲ့ပေမယ့်လည်း မြန်မာ့ကျောက်မျက်ဟာ နိုင်ငံတကာဈေးကွက်မှာ မျက်နှာပန်းလှနေပါတယ်။ **(AP, VOB, 7.7.2009)**

## ကလေးစစ်သားမသုံးတော့ပါ

ရှမ်းပြည်နယ်တပ်မတော် SSA ဟာ သူတို့ရဲ့တပ်ဖွဲ့ထဲမှာ ကလေးစစ်သား အသုံးပြုတာမျိုးကို ရပ်ဆိုင်းပါတော့မယ်လို့ ကတိပေးပြောဆိုလိုက်တယ်လို့ သိရပါတယ်။ ကလေးစစ်သားပပျောက်ရေးနိုင်ငံတကာလှုပ်ရှားမှုအဖွဲ့၊ ကျေးကျွန်ပြုမှုပပျောက်ရေးတို့နဲ့ SSA တို့ကြားမှာ သဘောတူညီမှုရခဲ့တာ ဖြစ်ပါတယ်။ မြန်မာပြည်ဟာ ကမ္ဘာမှာ ကလေးစစ်သားအသုံးပြုမှုအများဆုံး နိုင်ငံဖြစ်ပြီး အရေအတွက်အားဖြင့် ၇၀၀၀၀ လောက်ရှိပါတယ်။ **(THE GUARDIAN, 7.7.2009)**

## ဘိန်းမှရာဘာစိုက်ပျိုးရေးသို့

ကိုးကန့်နဲ့ ဝ လူမျိုးတွေ ထိန်းချုပ်နယ်မြေတွေမှာ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို လုပ်ဆောင်ရန် နအဖ၊ တရုတ်တို့ရဲ့ဖိအားပေးတာတွေကို ခံနေရတဲ့အတွက် အပစ်ရပ်တိုင်းရင်းသားတပ်ဖွဲ့တွေဟာ လုပ်ဆောင်နေပေမယ့်လည်း အခက်အခဲတွေနဲ့ကြုံနေရပါတယ်၊ ရာသီပင်ဘိန်းက ငွေပေါ်လွယ်ပြီး နှစ်ရှည်ပင်ကြက်ပေါင်စေးက ငွေဖြစ်ဖို့ အနည်းဆုံး ၇ နှစ် ကြာတဲ့အပြင် အလုပ်သမားပုံမှန်လိုအပ်တဲ့အတွက် ဒေသခံ ဝ တွေ၊ ကိုးကန့်တွေအတွက် အတော်လေး အခက်အခဲဖြစ်နေတယ်လို့သိရပါတယ်။ **(TRANSNATIONAL INSTITUTE, 9.7.2009)**

## ရေဒီယိုနားမထောင်ရတဲ့ဒေါ်စု

နေအိမ်အကျယ်ချုပ်ခံနေရတုန်းက ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ ရေဒီယိုနားထောင်ရတဲ့အတွက် ကမ္ဘာနဲ့မြန်မာမှာ ဘာတွေဖြစ်ပျက် နေသလဲဆိုတာကိုသိရပြီး အခုအခါ မတရားစွဲချက်တင်ခံရလို့ အင်းစိန်ထောင်မှာနေနေရတဲ့အတွက် ရေဒီယိုနားထောင်ခွင့်ကို အာဏာရှင်တွေက ပိတ်ပင်ထားတယ်လို့ သိရပါတယ်။ အကြောင်းပြတာက ဆင်ဆာလုပ်ထားတာတွေ မရှိတဲ့အတွက် နားထောင်ခွင့်မပြုတာဖြစ်နိုင်တယ်လို့ ရှေ့နေဦးဉာဏ်ဝင်းရဲ့ပြောဆိုချက်အရ သိရပါတယ်၊ နအဖက သူထုတ်တဲ့ သတင်းစာကိုတော့ ဖတ်ခွင့်ပြုထားပါတယ်။ **(IRRAWADDY, 9.7.2009)**

## အမေရိကန်စိုးရိမ်ချက်

နအဖနဲ့ မြောက်ကိုရီးယားတို့ ဆက်ဆံရေးဟာ စစ်ရေးအရနီးစပ်တဲ့အဆင့် သာမက ဉျူကလီယားဆက်ဆံရေးအဆင့်အထိပါ ရောက်နေတယ်ဆိုတဲ့ သံသယနဲ့အထောက်အထားတွေတိုးတက်ခိုင်မာလာနေတာကြောင့် အမေရိကန်က ဒီအပေါ်မှာ စိုးရိမ်မှုရှိတယ်ဆိုတာကို ထုတ်ဖော်ပြောဆိုလာပါတယ်၊ နအဖစစ်အုပ်စုရဲ့ မြောက်ကိုရီးယားအကူအညီနဲ့ ဥမင်လိုဏ်ဂူတွေဆောက်၊ မြောက်ကိုရီးယားသင်္ဘောတစင်းမြန်မာပြည်ဘက် ဦးတည်သွားတဲ့ အထောက်အထားတွေက အဲဒီလိုစိုးရိမ်စိတ်တွေကို တက်လာစေတာဖြစ်ပါတယ်။ **(DVB, 9.7.2009)**

# နအဖစစ်ခေါင်းဆောင်များ အင်မတန်ခေါင်းမာကြောင်း တကမ္ဘာလုံးကိုပြသ

**DVB ၊ ဇူလိုင် ၅ ။** ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း ၂ ရက်ကြာ မြန်မာပြည်ကိုလာရောက်စဉ်အတွင်း နိုင်ငံရေးပါတီကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံခွင့် ရခဲ့ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က မစ္စတာဘန်ကီမွန်းနဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ၊ တိုင်းရင်းသား လက်နက်ကိုင် ငြိမ်းအဖွဲ့တွေ တွေ့ဆုံရာမှာ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရပါတီ အန်အယ်လ်ဒီကိုယ်စားလှယ်အဖြစ် ဗဟိုကော်မတီဝင်များဖြစ်တဲ့ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေနဲ့ ဦးစိုးမြင့်တို့ ၄ ဦး သွားရောက်ခဲ့ပါတယ်။ ဆွေးနွေးပွဲအစမှာ မစ္စတာဘန်ကီမွန်းက ဒီမိုကရေစီရဲ့ အနှစ်သာရဟာ ရွေးကောက်ပွဲဖြစ်တဲ့အကြောင်းနဲ့ ရွေးကောက်ပွဲမှာ တရားမျှတမှုရှိဖို့အရေးကြီးကြောင်း ပြောဆိုခဲ့ပြီးနောက် ပါတီတခုကို ဆွေးနွေးဖို့ ၂ မိနစ်စီ အချိန်ပေးတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။ ၂ မိနစ်နဲ့ ဆွေးနွေးဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုမှ ၁၅ မိနစ်တိုးပေးပြီး အန်အယ်လ်ဒီအနေနဲ့ သီးခြားဆွေးနွေးခွင့်ရခဲ့တယ်လို့ သိရပါတယ်။ မစ္စတာဘန်ကီမွန်းနဲ့ အန်အယ်လ်ဒီပါတီ ကိုယ်စားလှယ်တွေ ၁၅ မိနစ်အတွင်း ဆွေးနွေးပြောဆိုချက်တွေကို ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အဲ့ဒီတွေ့ခွင့် ပေးတဲ့နေရာမှာ အန်အယ်လ်ဒီက အချက် ၄ ချက် ပြောတယ်။ အချက် ၄ ချက်မှာ ၁ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ဖို့၊ ၂ အမျိုးသားရင်ကြားစေ့ရေးအတွက် ဒိုင်ယာလော့ လုပ်ဖို့၊ ၃ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲကို တနည်းနည်းနဲ့အသိအမှတ်ပြုပေးဖို့၊ ၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲလုပ်မယ်။ ဒီအခြေခံဥပဒေက ဒီမိုကရေစီကိုသွားမယ့် အခြေခံဥပဒေမဟုတ်ဘူး၊ ဒါကြောင့် ပြန်လှန်သုံးသပ်ဖို့လိုတယ်ပြောတော့ မစ္စတာဘန်ကီမွန်းက ယူအန်ဘက်က ဒီဟာကို ကြိုးစားပါ့မယ်လို့ပြောတယ်။ ငြင်းတာတော့ မလုပ်ဘူး၊ ကြိုးစားပေးပါ့မယ်လို့တော့ ပြောတယ်။"

မစ္စတာဘန်ကီမွန်က မနေ့ညနေ သတင်းစာရှင်းလင်းပွဲမှာ မြန်မာပြည်သူတွေအတွက် အခွင့်အလမ်းကောင်းတခု လက်လွှတ်သွားပြီလို့ ပြောဆိုချက်နဲ့ ဒီခရီးစဉ်က ရလဒ်နောက်ဆက်တွဲ ကုလသမဂ္ဂဘက်က ဘယ်လိုခြေလှမ်းတွေဖြစ်လာနိုင်မလဲဆိုတဲ့အပေါ် ဦးဉာဏ်ဝင်းက သူ့ရဲ့အမြင်ကို ပြောပါတယ်။

"ကျနော်တို့သိပ်ပြီး မျှော်လင့်ချက်ကြီးကြီး မထားဘူး။ ခုနက မေးသွားတဲ့မေးခွန်းထဲမှာ အန်ကယ်တို့နားလည်တာက ပြည်သူလူထုကို မဟုတ်ဘူး။ အစိုးရဘက်မှာသာ တကယ့်အခွင့်အရေးကောင်းကြီးတခုလွတ်သွားတယ်။ ဘန်ကီမွန်းခရီးစဉ်မှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်မရတာကိုက အဓိကထိခိုက်မှုကြီးတခုလို့မြင်တယ်။ အစိုးရဘက်က ဘာပြောတယ်၊ ဘန်ကီမွန်းဖက်က အပြည့်အစုံဘာတွေပြောတယ်ဆိုတာ အန်ကယ်တို့ မသိလို့ ရလဒ်ကို မပြောနိုင်ဘူး။ ယူအန် အခုလာတာက သံတမန်နည်းလမ်းနဲ့။ ဒီနည်းလမ်းက ကျန်သေးတယ်၊ မကျန်တော့ဘူးဆိုတာ မသိဘူး။ တကယ်ဆွေးနွေးတာ မကျန်တော့ဘူးဆိုရင်တော့ လုံခြုံရေးကောင်စီကို ကုလသမဂ္ဂအနေနဲ့ ခိုင်ခိုင်လုံလုံတင်ပြဖို့ပဲလိုတယ်လို့ အန်ကယ်တို့ ယူဆတယ်။"

အင်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ)နိုင်ငံခြားရေးတာဝန်ခံ ဦးညိုအုန်းမြင့်ကတော့ ဒီခရီးစဉ်ဟာ နအဖအတွက် ရလဒ်ကောင်းမဟုတ်ဘူးလို့ ယူဆပြီး ဒီအတွက် မစ္စတာဘန်ကီမွန်းဘက်က နအဖ အပေါ် တိုးမြှင့်အရေးယူ လုပ်ဆောင်သွားမယ်လို့ မျှော်လင့်ကြောင်း ပြောပါတယ်။

"သူ့ရဲ့ဆောင်ရွက်ချက်တွေကို ငြင်းပယ်လိုက်တဲ့အတွက် မြန်မာနိုင်ငံရေးရဲ့အမျိုးသားရင်ကြားစေ့ရေးဟာ တော်တော့်ကို အလှမ်းဝေးသွားပြီလို့ ကျနော်ထင်ပါတယ်။ တဘက်မှာလည်း ဘန်ကီမွန်း ဒီလိုသွားလိုက်တဲ့အတွက် တကမ္ဘာလုံးမှာရှိနေတဲ့ ပြည်သူတွေရော အစိုးရတွေကပါ ဒီ နအဖအင်မတန်ခေါင်းမာတယ်ဆိုတဲ့အကြောင်း တကမ္ဘာလုံးကို အသိပေးလိုက်တယ်လို့ ထင်ပါတယ်။ အဲ့ဒါက နအဖအတွက် လုံးဝမကောင်းဘူးလို့ ကျနော်ထင်ပါတယ်။ ကုလသမဂ္ဂက ထုံးစံအတိုင်း မြန်မာပြည်အပေါ်မှာ အရေးယူဖို့ အင်မတန် တုံ့နှေးပါတယ်။"

ဒီနေ့ ဒီအချိန်မှာ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင်ရဲ့ လုပ်ပိုင်မှုနဲ့ လုပ်ချင်တဲ့ကိစ္စတွေ ပျက်ပြယ်သွားတဲ့အတွက် ဒီအပေါ်မှာ ထပ်ပြီး အရေးယူမှုတွေဖြစ်လာမယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့လက်ရှိအနေအထားက စီးပွားရေး၊ လူမှုရေး၊ အဖက်ဖက်မှာ ချွတ်ခြုံကျနေတာ နိုင်ငံရေးရဲ့ အခြေခံပြဿနာဆိုတာ အထွေထွေအတွင်းရေးမှူးချုပ် ကောင်းကောင်း သဘောပေါက်ပါတယ်။ ဒီအတွက်ကြောင့် တရုတ်၊ ရုရှား၊ အမေရိကန်နဲ့ အီးယူအပါအဝင် အနေအထားတခုမှာ ဗမာပြည်ရဲ့ ပြဿနာကို နအဖပေါ်မှာ ပိုပြီးတော့ တင်းမာပြီးတော့ ပိုပြီးတော့ ထိရောက်တဲ့ အရေးယူမှုများဖြစ်လာမယ်လို့ ကျနော်မျှော်လင့်ပါတယ်။"

ကချင်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အို လက်ထောက် နိုင်ငံခြားရေးတာဝန်ခံ ဂျိမ်းစ်လွန်ဒေါင်ကတော့ ကုလသမဂ္ဂဟာ နောက်ဆက်တွဲ နည်းဗျူဟာ မပါဘဲ ဒီခရီးကို သွားခဲ့တာမဟုတ်ဘူးလို့ ယူဆပါတယ်လို့ ပြောပါတယ်။

"ဘာရလဒ်ရှိသလဲဆိုတာ ယူအန်နဲ့သူတို့ရဲ့ ဆက်လက်လုပ်ဆောင်မှုအပေါ်မှာ မူတည်မယ်။ လူတွေ ထင်တာက ဘာမှအကျိုးမရှိဘဲသွားတယ်ပေါ့။ ကျနော့်အမြင်က သူတို့မှာ ဗျူဟာတခု ရှိရင် ရှိလိမ့်မယ်။ ဒီလို သွားခြင်းအားဖြင့် အဓိပ္ပာယ်ဟာ ဘယ်လိုရှိလာမလဲပေါ့။ နောက်ကြောင်းမှာ သူတို့ဗျူဟာက ဘယ်လိုစဉ်းစားထားလဲ မသိဘူး။ ဗြုန်းခနဲ အဖြေမထွက်တိုင်း လျှောက်ပြီး ဝေဖန်မယ်ဆိုရင် နည်းနည်းမျက်စိကန်းရာ ကျတာပေါ့။ တကယ်လို့ဒီကမ္ဘာ့ကုလသမဂ္ဂနဲ့နည်းဗျူဟာ မရှိဘူးဆိုရင်တော့ ဝမ်းနည်းစရာပေါ့။"

---

# ဘန်ကီ နအဖ အလိုကျသာ တွေ့ခွင့်ရ

**DVB ၊ ဇူလိုင် ၆ ။** ။ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ DKBA အပါအဝင် အခြား အပစ်ရပ်အဖွဲ့တွေ ပြီးခဲ့တဲ့ ဇူလိုင် ၃ ရက်နေ့တုန်းက ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနဲ့တွေ့ဆုံခဲ့ပါတယ်။

DKBA အပါအဝင် တခြားအပစ်အရပ်ဖွဲ့ ၇ ခုက မြန်မာနိုင်ငံကို လာရောက် လည်ပတ်ခဲ့တဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနဲ့ နေပြည်တော်တွင် တွေ့ဆုံရာမှာ DKBA အနေနဲ့ ပြောချင်တာတွေကို မပြောခဲ့ရဘဲ နအဖအလိုကျသာပြောခဲ့ရတယ်လို့ အမည်မဖော်လိုတဲ့ DKBA အရာရှိတဦးက ပြောပါတယ်။

"သွားပြောချင်တာက တမျိုး၊ ပြောရတာက တမျိုးဖြစ်တော့ သူတို့လည်း ဒီမှာပြန်လာပြီးတော့ 'ဘာမှ မထူးပါဘူးကွာ၊ ဒီအတိုင်းပါပဲတဲ့ ဘာမှလည်း ပြောပိုင်ခွင့်မရှိပါဘူး' လို့ ပြန်ပြောကြတာ။ သူတို့ပြောချင်တာက နယ်စပ်ဒေသမှာ ငြိမ်းချမ်းရေးအဆင့်မှ တိုက်ပွဲတွေဆက်မဖြစ်ဖို့၊ နိုင်ငံရေးကိုလည်း ကောင်းကောင်းမွန်မွန် အခြေအနေပြုပြင်ပြောင်းလဲဖို့၊ ဒီနယ်မြေကနေ တနိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် သွားပြောချင်တာ။ ဟိုရောက်တော့ ဟိုက စာရွက်ပေးတယ်၊ အဲဒီစာရွက်ထဲ ရေးထားတဲ့အတိုင်း ကိုယ့်စိတ်ထဲမှတ်ပြီးတော့ ပြောရတာ။"

မစ္စတာ ဘန်ကီမွန်းအနေနဲ့ နယ်စပ်တိုက်ပွဲ အခြေအနေတွေကို ပြန်လည်မေးမြန်းခဲ့ပေမယ့် မိမိတို့ပြောလိုတဲ့ ကိစ္စတွေကို ပြောခွင့်မရခဲ့ဘူးလို့ဆိုပါတယ်။ ဒါကြောင့် မစ္စတာဘန်ကီမွန်းနဲ့ တွေ့ခဲ့ရပေမယ့် ဘာအကျိုးမှ မရှိဘူးလို့ အဲဒီ DKBA အရာရှိကပြောပါတယ်။ မစ္စတာဘန်ကီမွန်းနဲ့ တွေ့ဆုံခဲ့တဲ့ DKBA ခေါင်းဆောင်က စောသာထူးကျော်၊ ဗိုလ်ချုပ်ကျော်သန်းနဲ့တခြားတဦး ပါဝင်ပြီး၊ စောသာထူးကျော်နဲ့ ဗိုလ်ချုပ်ကျော်သန်းကိုတော့ သူတို့နေထိုင်ရာ ဒေသဆီ ပြန်ရောက်တယ်လို့ သိရပေမယ့် ဆက်သွယ်လို့ မရသေးပါဘူး။

နေပြည်တော်မှာ မစ္စတာဘန်ကီမွန်းနဲ့ သွားရောက်တွေ့ဆုံခဲ့တဲ့ အပစ်ရပ်အဖွဲ့တွေကတော့ ကချင်ပြည်နယ် အထူးဒေသ (၁) NDAK အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) KDA အဖွဲ့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) PNO အဖွဲ့၊ ကယားပြည်နယ် အထူးဒေသ(၂) ကလလတ အဖွဲ့၊ ပေါင်သရော အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့နဲ့ ဘုရားကုန်း အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့တွေ ဖြစ်ကြောင်း သိရပါတယ်။

# စမုန်ညင်းထိန်းသိမ်းရေးစခန်းရှိ မြန်မာနိုင်ငံသားအကျဉ်းသားအချို့ ပြန်လွတ်

**DVB ၊ ဂျူလိုင် ၇ ။** ။ မလေးရှားနိုင်ငံ စလန်ကွမ်းမြို့နယ်ရှိ စမုန်ညင်း ထိန်းသိမ်းရေးစခန်းမှာ မနေ့ကစပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR တာဝန်ရှိသူ တချို့ မြန်မာနိုင်ငံသားအကျဉ်းသားတွေကို သွားရောက် တွေ့ဆုံမေးမြန်းပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၁ ရက်နေ့က စမုန်ညင်းထိန်းသိမ်းရေးစခန်းမှာ စခန်းအာဏာပိုင်တွေနဲ့ အကျဉ်းသားတွေအကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ပြီး နောက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကွာလာလမ်ပူ အရာရှိက လာရောက်ခဲ့ပြီး မြန်မာနိုင်ငံသားအကျဉ်းသားတွေကို ဒုက္ခသည် ဟုတ်မဟုတ် စစ်ဆေးမယ်လို့ ကတိပြုခဲ့ပါတယ်။ ဒါကြောင့် မနေ့ကစပြီး စမုန်ညင်းထိန်းသိမ်းရေးစခန်းမှာ ထိန်းသိမ်းခံနေရတဲ့ မြန်မာနိုင်ငံသား ၅၀ ကို လာရောက်တွေ့ဆုံ မေးမြန်းခဲ့ပါတယ်လို့ ထိန်းသိမ်းခံနေရသူတဦးဖြစ်တဲ့ ကိုအောင်လွင်ဦးက ပြောပါတယ်။

"လာတွေ့တယ်ဆိုတာက အင်တာဗျူး မလုပ်ရသေးတဲ့ လူတွေ အင်တာဗျူးလုပ်ပေးမယ်။ အင်တာဗျူးလုပ်ထားတဲ့ လူတွေထဲက သူတို့ ဒုက္ခသည်လို့ သတ်မှတ်ထားတဲ့ လူတွေထုတ်ပေးမယ်လို့ ပြောသွားတယ်။ မနေ့ကတော့ ထုတ်တဲ့ထဲမှာ လွတ်သွားတာ ကျနော်တို့ အဆောင်က ၁ ယောက်ပဲပါတယ်။ တခြားအဆောင်ကတော့ နှစ်ယောက် သုံး၊ လေး၊ ငါးယောက် ပါကြတယ်။ ကျနော်တို့နံပါတ်က ခေါ်ထုတ်တဲ့ အသုတ်ထဲမှာ မပါသေးဘူး။ ဒီမှာ မြန်မာလူမျိုးတွေပဲ သတ်သတ်ထားတယ်၊ ကျန်တဲ့လူမျိုးတွေအကုန်လုံးကို ကမ့် ပြောင်းလိုက်တယ်။"

မနေ့က တွေ့ဆုံးမှုအပြီးမှာ မြန်မာနိုင်ငံသား အကျဉ်းသားတချို့လွတ်မြောက်လာခဲ့တယ်လို့ ကွာလမ်လမ်ပူမြို့မှာရှိတဲ့ UNHCR ပြင်ပဆက်ဆံရေး အရာရှိ ယမ်းတီအစ္စမေးလ်ကပြောပေမယ့် ဘယ်နှစ်ယောက်လွတ်မြောက်ပြီး ဘယ်သူဘယ်ဝါတွေ လွတ်မြောက်တာလဲဆိုတာကို အတိအကျ မပြောခဲ့ပါဘူး။ ဒီနေ့မှာလည်း UNHCR တာဝန်ရှိသူတွေက မြန်မာအကျဉ်းသားတွေနဲ့ ထပ်မံတွေ့ဆုံခဲ့ပေမယ့် ပြန်လွတ်သူမရှိဘူးလို့ စမုန်ညင်းထိန်းသိမ်းရေးစခန်း တာဝန်ရှိသူတဦးက ပြောပါတယ်။ ဒီနေ့ စခန်းတွင်း လာရောက်တွေ့ဆုံရာမှာ မြန်မာသံအမတ်လည်း ပါဝင်တယ်လို့ အဲဒီအရာရှိက ပြောပါတယ်၊ မြန်မာသံရုံးကို အတည်ပြုမေးမြန်းဖို့ ကြိုးစားဆက်သွယ်ပေမယ့် ဆက်သွယ်လို့မရလိုက်ပါဘူး။

စမုန်ညင်း ထိန်းသိမ်းရေးစခန်းမှာ တရားမဝင်နေထိုင်မှုနဲ့ ဖမ်းဆီးခံထားတဲ့ မြန်မာနိုင်ငံသား ၇၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ မြန်မာအကျဉ်းသားတွေဟာ ပြစ်ဒဏ်ကာလ လွန်မြောက်ပေမယ့် စမုန်ညင်းထိန်းသိမ်းရေးစခန်းမှာ ဆက်လက်ထိန်းသိမ်းခံထားရတာဖြစ်ပါတယ်။ UNHCR က အတည်ပြုထားတဲ့ ဒုက္ခသည် လက်မှတ်ရရှိထားသူတွေသာ လွတ်လမ်းရှိမယ့် အနေအထားလို့လည်း ထိန်းသိမ်းခံနေရသူထဲက တဦးဖြစ်တဲ့ ချင်းအမျိုးသား ဒီပါးလာက ပြောပါတယ်။

"အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်၊ ထောင်ကျတဲ့ အမှု၊ မြန်မာပြည်ကနေ မလေးရှားကို ဘာလာလုပ်တာလဲတို့ မေးတာ။ ကတ်မရှိတော့ မျှော်လင့်တယ်ဆိုတာလည်း မရှိဘူးပေါ့။ သူတို့ ထုတ်ရင်လည်း ရမှာပဲ။ မထုတ်ခဲ့ရင် ကျနော်က ကြုံသလိုလိုက်မှာ။"

ဒီပါးလာဟာ မလေးရှားနိုင်ငံမှာ တရားမဝင်နေထိုင်မှုနဲ့ ဖမ်းဆီးခံခဲ့ရပြီး အကျဉ်းထောင်ထဲမှာ နှစ်ပတ်ကျော် ပြစ်ဒဏ်ကျခံထားရပြီးနောက် စမုန်ညင်းထိန်းသိမ်းရေးစခန်းကို ပို့ဆောင်ခံရပြီး ၄ လကြာ ထိန်းသိမ်းခံနေရသူ ဖြစ်ပါတယ်။

# ရမည်းသင်း ရွှေဆိုင်လုယက်မှု တရားခံများကို ရုံးတင် စစ်ဆေးနေဆဲ

**DVB ၊ ဂျူလိုင် ၆ ။** ။ မကွေးတိုင်း ရေစကြိုစစ်တပ်က ဖောက်ထွင်း ခိုးယူထားတဲ့ လက်နက်တွေနဲ့ မန္တလေးတိုင်း ရမည်းသင်းမြို့က ရွှေဆိုင်ကို ပြီးခဲ့တဲ့ မေ ၆ ရက်နေ့က တိုက်ခိုက်လုယက်ခဲ့ပါတယ်။

အဲဒီလုယက်မှုမှာ လူတဦးသေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ရွှေ ၆ ပိဿာလောက် လုယက်ခံခဲ့ရတာဖြစ်ပြီး ဒီလုယက်မှုမှာ အသုံးပြုခဲ့တဲ့ လက်နက်တွေဟာ မေလ ၄ ရက်နေ့ညက ဖောက်ထွင်းခံခဲ့ရတဲ့ ရေစကြိုမြို့ ခလရ ၂၅၆ တပ်က လက်နက်တွေ ဖြစ်ပါတယ်။ သေနတ်နဲ့ပစ်ခတ် လုယက်ခဲ့လို့ ရွှေဆိုင်ပိုင်ရှင် ဒေါ်ချိုပြုံးရဲ့ပေါင်ကို သေနတ်ထိမှန်ပြီး အရိုးကျိုးသွားခဲ့သလို သူ့အစ်ကို ဦးမျိုးသန့် ညာဘက်ပုခုံးမှာ ဒဏ်ရာရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ အပတ်ကမှ မန္တလေးမြို့ ဆေးရုံကြီးက ဆင်းလာတဲ့ ဒေါ်ချိုပြုံးရဲ့အခြေအနေက လမ်းလျှောက်လို့မရသေးပါဘူး။

အဲဒီ ၃ ဦးဟာ ရမည်းသင်းမြို့ အထွက်မှာ ဆိုင်ကယ်တစီးကို လုယက်ပြီး ပိုင်ရှင်ကို သေနတ်နဲ့ပစ်ခတ်တဲ့အတွက် ဆိုင်ကယ်ပိုင်ရှင် သေဆုံးခဲ့ရပါတယ်၊ ဒီဖြစ်ရပ်တွေနဲ့ ပတ်သက်လို့ ရွှေဆိုင်လုယက်မှု အဓိက တရားခံ ၃ ဦး အပါအဝင် ၁၇ ဦးကို ရုံးတင်စစ်ဆေးနေတယ်လို့ ရွှေဆိုင်ပိုင်ရှင် မိသားစုဝင် ဦးမျိုးသိန်းက ပြောပါတယ်။

"အမှုက ၉ မှု စွဲထားတယ်။ လူသတ်မှုက သတ်သတ်၊ ဓားပြတိုက်မှုက သတ်သတ်ပေါ့။ ဓားပြတိုက်မှုက ၃ ယောက်။ ပုန်းခိုတဲ့ခါမှာ လက်ခံပေးတဲ့လူတို့တွေရောပေါ့။ ရမည်းသင်းနဲ့နီးတဲ့ ပျော်ဘွယ်နယ်က လူတွေများတယ်။ သက်သေ ၁၀၀ လောက်ရှိတယ်။ ခုလောလောဆယ် ဆွဲထားတာက ၁၇ ယောက်ရှိတယ်။ ရမန်ယူပြီး စစ်နေတယ်။ အကုန်လုံးကို ထောင်ထဲမှာထားတယ်။ အိမ်က ရုံးချိန်း ၃ ခါလောက် သွားပြီးပြီ။"

လောလောဆယ် ရွှေ ၃ ပိဿာ ကျော်ကျော် ပြန်ရထားတယ်လို့လည်း ဦးမျိုးသိန်းက ပြောပါတယ်။

"၃ ပိဿာ ၆၀ ကျပ်သား ပြန်ရတယ်၊ ကျန်တာတွေက တချို့နေရာတွေမှာ ရောင်းထားတာတွေကို မသိမ်းဘူးထင်တယ်။ ကျနော်တို့ သိမ်းထားတာက ငွေတန်ဖိုးအနေနဲ့ သိန်း ၇၀၊ ၈၀ လောက်ရှိတယ်။ ငွေလုပ်ပြီး ဝယ်လိုက်တဲ့ ဆိုင်ကယ်သုံးစီး၊ လက်ပ်တော့ တခု အဲ့ဒါတွေကို သက်သေခံပစ္စည်းအနေနဲ့ သိမ်းထားတာပေါ့။ အိမ်က သိပ်မမျှော်လင့်ဘူးဆိုတာက ရုံးတွေလည်း သိပ်မသွားချင်ဘူး၊ သူတို့တွေနဲ့လည်း သိပ်မဆက်ဆံချင်လို့ပါ။"

လုယက်မှု အဓိကတရားခံ ၃ ဦးကတော့ တပ်ပြေးတဦးဖြစ်တဲ့ ကိုညီညီနိုင်နဲ့ ရမည်းသင်းမြို့ ခံ ၂ ဦး ဖြစ်ပါတယ်။ သူတို့ ၃ ဦးနဲ့အတူ လက်နက်ခိုးယူမှုမှာ ပူပေါင်းကျူးလွန်သူတဦးဖြစ်တဲ့ မန္တလေး မြို့ဟောင်းက ကိုခိုင်ဇော်ဝင်းကိုလည်း ဖမ်းဆီးထိန်းသိမ်းထားပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ရမည်းသင်း တရားရုံးကနေ ကိုခိုင်ဇော်ဝင်းကို လက်နက်ပုဒ်မနဲ့ အလုပ်နဲ့ ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့ပြီး ကိုညီညီနိုင်ကိုလည်း တရားခံပြေးပုဒ်မ လက်နက်ပုဒ်မတို့နဲ့ အလုပ်နဲ့ ထောင်ဒဏ် ၅ နှစ် ချမှတ်ခဲ့တယ်လို့ ဦးမျိုးသိန်းက ပြောပြပါတယ်။

ရွှေဆိုင်လုယက်မှု တရားခံတွေကို ဖမ်းဆီးထောင်ချတာတွေ လုပ်ခဲ့ပေမယ့် ရေစကြို စစ်တပ်က လက်နက်ပျောက်ဆုံးမှုနဲ့ ပတ်သက်လို့ တရားဝင် စစ်ဆေးအရေးယူတာ မရှိသေးပါဘူး။ လက်နက်ပျောက်မှုနဲ့ တပ်တွင်း ဖမ်းဆီးစစ်ဆေးမှုမှာ တပ်ကြပ်ကြီး မြင့်စိုး သေဆုံးခဲ့ပြီး နောက်ဆက်တွဲ အခြေအနေအသေးစိတ် မသိရပေမယ့် သေဆုံးသွားတဲ့ တပ်ကြပ်ကြီး မြင့်စိုးရဲ့မိသားစုကို တပ်က သိန်း ၂၀ ခန့် နစ်နာကြေးပေးခဲ့တယ်လို့ တပ်နဲ့ နီးစပ်တဲ့ ရေစကြိုမြို့ခံတဦး က ပြောပါတယ်။

"စစ်ထဲကပြေးပြီးတော့ ရိုးရိုးသားသား လုပ်ကိုင်စားသောက် နေတဲ့ လူတွေရှိတယ်။ အဲ့ဒီပြဿနာဖြစ်တော့ စစ်ပြေးတွေပါ အကုန်လိုက်ဖမ်းပြီး ၃ နှစ်ကနေ ၅ နှစ်ထိ စစ်ပြေးဆိုပြီး ထောင်ချလိုက်ပြီ။"

# ဘန်ကီမွန်းခရီးစဉ် ရလဒ်အပေါ် ဒီမိုကရေစီအင်အားစုများ၏ အမြင်များ

**DVB | ဂျူလိုင် ၇ ။** ။ Mr.Ban Ki-Moon ခရီးစဉ် အောင်မြင်မှုမရတဲ့အပေါ် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက စိတ်ပျက်လက်ပျက် ဝိုင်းဝေဖန်နေတဲ့အသံတွေကြားနေရပေမယ့် ဒီလိုမအောင်မြင်ရင် သူတို့ရဲ့ရှေ့လုပ်ငန်းစဉ်တွေ အပြောင်းအလဲရှိမရှိ၊ ဘာဆက်လုပ်မယ်ဆိုတဲ့ အပိုင်းကို ရှင်းရှင်းလင်းလင်း မတွေ့ရသေးပါဘူး။

နိုင်ငံရေးသမားတွေထဲမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီနဲ့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဆက်ပြီး မျှော်နေသူတွေ ရှိနေဆဲဖြစ်သလို တချို့ကလည်း လမ်းစဉ်ပြောင်းမှုဖြစ်မယ်လို့ ပြောဆိုတာမျိုးလည်း ရှိနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကုလသမဂ္ဂရဲ့လုပ်ထုံးလုပ်နည်းအကြောင်း နားလည်တဲ့ နယူးယောက်မြို့အခြေစိုက် ညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက သူ့အမြင်ကို ပြောပါတယ်။

“ပထမတဆင့် မြန်မာပြည်က ပြန်လာပြီးနောက်ပိုင်း ဘန်ကောက်ရောက်ရောက်ချင်း ထိုင်းဝန်ကြီးချုပ်နဲ့သူတို့ တွေ့တာ၊ ဆွေးနွေးတာတွေရှိတယ်။ ထိုင်းဝန်ကြီးချုပ်ကလည်း ဗမာပြည်ကို သူကိုယ်တိုင်သွားမယ်ဆိုတဲ့သတင်းထွက်လာတယ်။ သာမန်စီးပွားရေးကိစ္စ သွားညှိတာမျိုးလို့ ကျနော်တို့မထင်ဘူး။ ဘန်ကီမွန်းရဲ့ဆွေးနွေးချက်တွေအပေါ်မှာ အာဆီယံရဲ့မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သဘောထားတွေကို သူတို့အနေနဲ့ဘယ်လိုဆောင်ရွက် ပေးနိုင်မလဲဆိုတာ ဆွေးနွေးဖို့၊ သဘောထားတွေပြောဖို့ ရှိမယ်လို့ ကျနော်မျှော်လင့်တယ်။ ““Mr.Ban Ki-Moon အနေနဲ့ ဒီအီးယူဘက်မှာလည်း ခေါင်းဆောင်တွေနဲ့ဆွေးနွေးတာတွေရှိတယ်လို့ကျနော်တို့သိရတယ်။ နယူးယောက်ကို ပြန်ရောက်ရင် ကျနော်တို့လုံခြုံရေးကောင်စီမှာပြန်ပြီး အစီရင်ခံရမယ့်ဟာတွေရှိတယ်။ ကျနော်တို့အပိုင်းကတော့ လုံခြုံရေးကောင်စီဆွေးနွေးပွဲအပေါ်မှာ အခြေခံပြီး စည်းနှောင်မှုရှိတဲ့ ဆုံးဖြတ်ချက်တရပ်ပေါ့။”

လုံခြုံရေးကောင်စီမှာ ကန့်ကွက်နေကျ တရုတ်နဲ့ ရုရှားတို့ဟာလည်း ဒီတကြိမ်မှာ ကန့်ကွက်မဲပေးဖို့ အတော်ခက်ခဲသွားမှာဖြစ်ပြီး အားလုံးရဲ့ ထောက်ခံမှုရနိုင်တယ်လို့ ဒေါက်တာသောင်းထွန်းက မျှော်လင့်တယ်လို့ ဆိုပါတယ်။ ဒေါက်တာသောင်းထွန်းက နိုင်ငံတကာ ဖိအားပေးရေး၊ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကို မျှော်လင့်နေဆဲဖြစ်ပေမယ့် ရန်ကုန်မြို့ရှိ သံတမန်ဟောင်း သခင်ချန်ထွန်းက သူ့တသက်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်လာပြီး မြန်မာ့နိုင်ငံရေးဆွေးနွေးတာ ပထမဆုံးဖြစ်ပြီး ဒီလို ထူးခြားတဲ့အခွင့်ရေးကို စစ်အုပ်စုဘက်ကပယ်ချလိုက်တဲ့အတွက် ကုလသမဂ္ဂကြားဝင်ရေးနဲ့ အင်အယ်ယ်ဒီရဲ့ ဆွေးနွေးရေးလမ်းကြောင်းအစား တခြားလမ်းကြောင်းတခုခုကို လူငယ်တွေဘက်က စဉ်းစားနေပုံရတယ်လို့ ပြောပါတယ်။

ဘန်ကီမွန်းနဲ့ တွေ့ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အီးစီ ၄ ဦးက အခြေနေအသေးစိပ်ကိုရှင်းပြပြီး ဝေဖန်မှုတွေလုပ်ခဲ့ကြောင်း၊ ဒါပေမယ့် အသေးစိပ်အချက်လက်နဲ့ သူတို့ပါတီရဲ့သဘောကို မနက်ဖြန်ကျမှ တရားဝင်ထုတ်ပြန်မှာဖြစ်တဲ့အတွက် ဒီနေ့ ဘာမှမပြောနိုင်သေးဘူးလို့ အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင်ဦးဉာဏ်ဝင်းက ပြောပါတယ်။ Mr.Ban Ki-Moon ခရီးစဉ်နဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ အင်္ဂါနေ့ရောက်တိုင်း ဘုရားသွား ဆုတောင်းပွဲတွေလုပ်နေတဲ့ အောက်ခြေအဖွဲ့ချုပ်ပါတီဝင်တွေထဲက ပဲခူးမြို့က ဒေါ်ခင်ညွန့်မူက သူ့သဘောထားကို ပြောပြပါတယ်။

“သူတောင်းဆိုတဲ့အချက်တွေ မရဘဲနဲ့ပြန်သွားရတယ်။ သူလုပ်ဆောင်ရမယ့် ဆောင်ရွက်ချက်တွေကို ဆောင်ရွက်သွားတာပါပဲ။ နအဖရဲ့ တုံ့ပြန်ချက်ကတော့ ပြတ်သားစွာ တုံ့ပြန်လိုက်တယ်လို့ပြောရမှာပဲ။ နအဖ က တကမ္ဘာလုံးကိုထင်သာမြင်သာ ပြတ်သားပြလိုက်တာပါပဲ။ ကုလသမဂ္ဂကလည်း ပြတ်သားဖို့လိုတယ်။ အန်အယ်လ်ဒီကလည်း ပြတ်သားဖို့လိုတယ်။ ပြတ်သားတဲ့ နိုင်ငံရေးယုံကြည်ချက်နဲ့ရပ်တည်နေတဲ့ တိုင်းရင်းသားလူမျိုးစုတွေနဲ့တကွ ဒီမိုကရေစီအင်အားစုအားလုံးလက်တွဲပြီးတော့ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြဖို့လိုပြီလို့ ပြောချင်ပါတယ်။”

# ဗိုလ်ချုပ်ခင်ညွန့် အပြင်ထွက်ခွင့်ရ

**NEJ | ဂျူလိုင် ၉ ။** ။ တပ်မတော်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီး ဟောင်းခင်ညွန့် မကြာမီရက်ပိုင်းက အပြင်ထွက်ခွင့်ရတာကို တွေ့ခဲ့ရကြောင်း ရန် ကုန်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တဦးက ပြောပါတယ်။

ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ဟာ ဂျူလိုင် ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သော ဗိုလ်မှူးချုပ်တင့်ဆွေ–ငြိမ်း၊ စက်မှု–၁ ဝန်ကြီးဟောင်းရဲ့ဇနီး ဒေါ်ခင်စန်းရျာပနကို လာရောက်နာရေးမေးမြန်းခဲ့စဉ် အဆိုပါစီးပွားရေးလုပ်ငန်းရှင်က တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူကဘဲ“ဦးတေဇတို့၊ ဇော်ဇော်ဦးခင်ရွှေတို့လို စီးပွားရေးသမားကြီးတွေလည်း လာမေးကြတယ်လေ။ ဦးခင်ညွန့်ရောက်လာတော့ အားလုံးအပြင်ထွက်ပေးကြရတယ်။ ဒါပေမယ့် ဦးခင်ညွန့်နဲ့သူ့ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ကို မြင်လိုက်ရပါတယ်။ ဗိုလ်မှူးချုပ်တင့်ဆွေက ဦးခင်ညွန့်ရဲ့ ဆရာဖြစ်ခဲ့တာကိုး၊ ဒါကြောင့် နာရေးလာမေးကြတာ။”လို့ ပြောပါတယ်။

ဗိုလ်မှူးချုပ်တင့်ဆွေ–ငြိမ်းရဲ့ဇနီး ဒေါ်ခင်စန်း အသက် ၈၆ နှစ်ဟာ ဂျူလိုက် ၅ ရက်နေ့မှာကွယ်လွန်ခဲ့ရာ ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်နဲ့ဇနီးတို့က ဂျူလိုင် ၇ ရက်ညပိုင်း ၈ နာရီမှ ၁၀ နာရီအထိ လာရောက်နာရေးမေးမြန်းသွားခဲ့ကြခြင်းဖြစ်ပါတယ်။ “နှစ်နာရီလောက်ကြာတယ်။ ဦးခင်ညွန့်ကတော့ အရင်အတိုင်းဘဲ။ ကျန်းမာရေးလည်းကောင်းတယ်တဲ့။ သူ့ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေကတော့ ခြေထောက်တဘက်သိပ်မကောင်းဘူး၊ ထိုင်ရ ထရတာမလွယ်ဘူးလို့ ပြောသွားတယ်တဲ့။” လို့အဆိုပါစီးပွားရေးလုပ်ငန်းရှင်က ပြောပါတယ်။

ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်သွားရောက်ခဲ့တဲ့ နာရေးခရီးစဉ်အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စီစဉ်ပေးခြင်းဖြစ်ကာ နာရေးအိမ်ပတ်ဝန်းကျင်တွင် လုံခြုံရေးအပြည့်အဝ ယူသွားခဲ့ကြောင်းသိရှိရပါတယ်။ တပ်မတော်ထောက်လှမ်းရေးအကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၄ ခုနှစ်တွင် ရာထူးမှအနားပေးခံခဲ့ရတဲ့အပြင် အနေအိမ်အကျယ်ချုပ်အချခံခဲ့ရပြီး ၎င်းရဲ့ထောက်လှမ်းရေးတပ်ဖွဲ့တခုလုံးကို ဖျက်သိမ်းခံခဲ့ရပါတယ်။

# နအဖဝန်ကြီးတဦး ဆူဒန်ရောက်နေ

**DVB | ဂျူလိုင် ၇ ။** ။ နအဖစစ်အုပ်စုရဲ့ ဒုနိုင်ငံခြားရေးဝန်ကြီးတဦး ဆူဒန်နိုင်ငံကို ရောက်ရှိနေပြီး ၂ နိုင်ငံ ဆက်ဆံရေးတိုးတက်ဖို့ ဆွေးနွေးနေတယ်လို့ ဆူဒန်နိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန် လိုက်ပါတယ်။

တောင်အာဖရိကတိုက်ရှိ ဆူဒန်နဲ့ မြန်မာနိုင်ငံတို့ဟာ လွန်ခဲ့တဲ့ ၂၀၀၄ ကမှ သံတမန်ဆက်သွယ်မှု စတင်ခဲ့တာဖြစ်ပြီး ဒီခရီးစဉ်ဟာ မြန်မာဝန်ကြီးတဦးရဲ့ပထမဆုံးခရီးစဉ်ဖြစ်တယ်လို့ ဆူဒန်အစိုးရပိုင် ဆူနာသတင်းဝက်ဘ်ဆိုက်မှာ ရေးထားတယ်လို့ အေဂျင်စီသတင်းတွေမှာ ဖော်ပြထားပါတယ်။ ဆူဒန်နိုင်ငံခြားရေးဝန်ကြီးနဲ့ဝန်ကြီးချုပ် အလီအာမတ်ကာတီတို့က အမည်မဖော်ထားတဲ့ နအဖလက်ထောက်နိုင်ငံခြားရေးဝန်ကြီးကို ဒီလ ၆ ရက်နေ့က မြို့တော်ခါတွန်မှာ သီးခြားစီ လက်ခံတွေ့ဆုံခဲ့တယ်လို့ အဲဒီသတင်းက ဆိုပါတယ်။

၂ နိုင်ငံ သံတမန်ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတွေကို ဆွေးနွေးခဲ့ပြီး ဆူဒန်ဝန်ကြီးချုပ်ကို မြန်မာနိုင်ငံကိုလာလည်ဖို့ နအဖဝန်ကြီးက ဖိတ်ကြားခဲ့တယ်လို့ ဆူဒန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြောင်း အဲဒီ ဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြထားပါတယ်။ ဆူဒန် သမ္မတဟာ ဒါဖော ဒေသတွင်းဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် နိုင်ငံတကာခုံရုံးရဲ့ စွဲချက်တင်မှုကိုခံနေရပြီး နအဖဥက္ကဋ္ဌကိုလည်း လူ့အခွင့်အရေးအဖွဲ့တွေက အလားတူစွပ်စွဲမှုတွေ လုပ်နေပါတယ်။ မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးကို နိုင်ငံတကာက ဝေဖန်နေစဉ်မှာ အခု ဆူဒန်ခရီးစဉ် ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

# ပွင့်လင်းမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ G-8 နိုင်ငံဆွေးနွေးပွဲက တောင်းဆို

**RFA၊ ဂျူလိုင် ၉။** ။ မြန်မာနိုင်ငံမှာ ပွင့်လင်းမျှတပြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဦးတည်ဖို့အတွက် ပါတီအဖွဲ့အစည်းပေါင်းစုံပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးတကြီးလိုအပ်ချက်ဖြစ်တယ်လို့ အီတလီနိုင်ငံ L'Aquila မြို့မှာကျင်းပနေတဲ့ G-8 ခေါ် စက်မှုထိပ်သီး ၈ နိုင်ငံဆွေး နွေးပွဲရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီထုတ်ပြန်ချက်ကို မြန်မာစစ်အစိုးရဘက်က အလေးထားသင့်တယ်လို့ ရန်ကုန်မြို့ကဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ပြောပါတယ်။

"ဒီထုတ်ပြန်ချက်ကတော့ တော်တော့်ကိုကောင်းတဲ့ လုပ် သင့်လုပ်ထိုက်ဆုံးဖြတ်ထိုက်တဲ့ ဆုံးဖြတ်ချက်လို့ဘဲ ယူဆပါတယ်။ ကျနော်တို့အ နေနဲ့လည်း စောစောကတည်းက နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်၊ ဒေါ် အောင်ဆန်းစုကြည်အပါအဝင် အားလုံးလွှတ်၊ လွှတ်ပြီးတော့ ရွေးကောက်ပွဲမှာ တရားမျှတပြီး လွတ်လပ်တဲ့ရွေးကောက်ပွဲလုပ်ဖို့၊ အဲဒီရွေးကောက်ပွဲမှာ ဒေါ် အောင်ဆန်းစုကြည်ကိုပါ တပါတည်း ဝင်ရောက်အရွေးခံခွင့်ရှိရမယ်။ သူအရွေးခံချင် လို့ရှိရင် နိုင်ငံရေးပါတီအားလုံး ဝင်ချင်တဲ့လူအကုန်လုံး ဝင်ခွင့်ပေးရမယ်။

အဲဒီရွေးကောက်ပွဲကြီးမှာ ကုလသမဂ္ဂလာပြီး ကြီးကြပ်ပေးရမယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက လာလေ့လာချင်တဲ့လူတွေ ခွင့်ပြုရမယ်။ ပြည်တွင်းကလည်း လေ့လာချင်တဲ့လူတွေ ဘက်လာဒေ့ရှ်ရွေးကောက်ပွဲမှာလုပ်ခဲ့သလို ဒီကဗမာပြည်ကလုပ်ဖို့ဆိုတာ ကျနော်အကြိမ်ကြိမ်ပြောခဲ့ဘူးပါတယ်။ အဲဒီတော့ ခုလည်း G-8 ရဲ့ ဆုံးဖြတ်ချက်ကအင်မတန်ကောင်းမွန်တဲ့ နအဖအနေနဲ့ လက်ခံသင့် လက်ခံထိုက်တဲ့ အကြံပြုချက်လို့ ကျနော်ယုံကြည်ပါ တယ်။

စက်မှုထိပ်သီး ၈ နိုင်ငံဆွေးနွေးပွဲ ထုတ်ပြန်ချက်မှာ ဆက်လက်ပြီး မြန်မာစစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးကို တောင်းဆိုထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ထိန်းသိမ်းထားတာဟာ ၂၀၁၀ ရွေးကောက်ပွဲအပေါ် အယုံအကြည်ကင်းမဲ့စေမှာဖြစ်တယ်လို့ ထောက်ပြထားပါတယ်။

ဒါ့အပြင် မြန်မာအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ စိုးရိမ်ပူပန်မှုအပေါ် အပြည့်အဝတုန့်ပြန်ဖို့ အရေးကြီးတဲ့အခွင့်အလမ်းကောင်းတခု ဆုံးရှုံးသွားခဲ့တယ်ဆိုတဲ့ ကုလသမဂ္ဂအတွင်းအရေးမှူးချုပ်ရဲ့ အမြင်ကိုလည်း သဘောတူကြောင်းနဲ့ ဒီကိစ္စအတွက် တနိုင်ငံချင်းရော၊ အဖွဲ့တခုလုံးအနေနဲ့ပါ တုန့်ပြန်ဆောင်ရွက်သွားဖို့ တိုင်ပင်သွားမှာဖြစ်တယ်လို့ပါ ဖော်ပြထားပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ သတင်းစကားကိုပါးရင်း ခေါင်းဆောင်မှုကိုပြသခဲ့တဲ့ Ban Ki-moon ကို အလေးအနက်ကြိုဆိုသလို အတွင်းရေးမှူးချုပ်ရဲ့ ကြားဝင်ဆောင်ရွက်မှု အပိုင်းအပေါ် အစဉ်တစိုက်ထောက်ခံခဲ့ကြောင်းကိုလည်း စက်မှုထိပ်သီး ၈ နိုင်ငံဆွေးနွေးပွဲရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ထုတ်ပြန်ချက် နိဂုံးပိုင်းမှာတော့ မြန်မာနိုင်ငံမှာထိရောက်တဲ့ နိုင်ငံရေးတိုးတက်မှု ရှိလာမယ်ဆိုရင် G-8 နိုင်ငံတွေအနေနဲ့ အပြုသဘောတုန့်ပြန်ဖို့ ပြင်ဆင်ထားတယ်လို့ပါ ရေးထားပါတယ်။ G-8 အဖွဲ့မှာ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ ရုရှား၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ဂျပန်တို့ ပါဝင်ပါတယ်။

---

# ၇ ဇူလိုင် အထိမ်းအမှတ် လန်ဒန်မြို့တွင် ဆန္ဒပြ

**DVB၊ ဂျူလိုင် ၇။** ။ ကျောင်းသားတွေ သွေးမြေကျခဲ့ရတဲ့ ၄၇ နှစ်ပြည့် ဆဲဗင်းဇူလိုင် အထိမ်းအမှတ်နေ့အဖြစ် လန်ဒန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဆန္ဒပြကြပါတယ်။

ဒီနေ့ နေ့လည် ၁၂ နာရီ မှ ၁ နာရီ အထိ လန်ဒန်မြို့ရှိ နအဖ မြန်မာသံရုံးရှေ့မှာ သွားရောက်ဆန္ဒပြကြတဲ့ အခြေအနေနဲ့ပတ်သက်ပြီး လန်ဒန်ရှိ ဒီဗွီဘီ သတင်းထောက် မသဇင်က ဆန္ဒပြနေရင်းက ပြောပါတယ်။

"ဒေါက်တာဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားနေပါတယ်၊ ၇ ရက်နေ့ ကျောင်းသားအရေးခင်းရဲ့ သမိုင်းနောက်ခံနဲ့ ဒီလိုမျိုးဖြစ်ခဲ့ရတဲ့အတွက် စစ်အုပ်စုမှာ တာဝန်ရှိနေတဲ့ အကြောင်းကို ပြောနေတာ ဖြစ်ပါတယ်။"

ဆန္ဒပြနေပေမယ့် နအဖသံရုံးကတော့ ဘာတုံ့ပြန်မှုမှမရှိဘဲ သံရုံးတံခါးကို ပိတ်ထားကာ ဒီနေ့ကိုလည်း သံရုံးပိတ်မယ်လို့ကြေညာထားကြောင်း မသဇင်ကပြောပါတယ်၊ ဆန္ဒပြပွဲကိုတက်ရောက်တဲ့ ၈၈ မျိုးဆက်ကျောင်းသားကိုအောင်က ဆန္ဒပြရတဲ့ ရည်ရွယ်ချက်ကို ပြောပါတယ်။

"ဒီစစ်အာဏာရှင်စနစ်ကြီးက ကျနော်တို့ ကျောင်းသားတွေကို ဘယ်လောက်တောင်ကြောက်နေလဲဆိုတာကို သူတို့ကို ပြလိုက်ခြင်း ဖြစ်တယ်။ မင်းတို့ကိုအကြမ်းဖက်တဲ့နည်းနဲ့ နှိမ်နင်းမှာပဲ ဆိုတဲ့အချက်ကိုပြခဲ့တယ်။ ကျနော်တို့ကျောင်းသားတွေဟာ ဒီနေ့ ၄၇ ကြိမ်မြောက် ဒီအခမ်းအနားအထိ မျိုးဆက်အလိုက် စစ်အာဏာရှင်စနစ်ကြီး မြန်မာပြည်ကနေပြီးတော့ အမြစ်ပြုတ်သွားအောင် ဆက်လက်တော်လှန်တယ် ဆိုတာကိုပြချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီမှာလာရပ်ပြီး ဆန္ဒပြခြင်း ဖြစ်တယ်။"

ဆန္ဒပြပွဲမှာ ဦးနိုင်အောင်က "အခုလည်း အချိန်ရောက်ပါပြီ၊ ခင်ဗျားတို့ ညီငယ်တွေ ညီမငယ်တွေအားလုံးဆက်လက်ပြီး ကျနော်တို့ တိုင်းပြည်လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ရမယ်။ ဆက်လက်ပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကိုလွှတ်ပေးရေး၊ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း တိုက်ဖျက်ပြီး ဆက်လက် တိုက်ပွဲဝင်သွားမယ်..." လို့ မိန့်ခွန်းပြောကြားပြီး ဆန္ဒပြပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့တယ်လို့ သိရပါတယ်။

---

# ဒေါ်စုလွတ်ရေး အနုပညာပြပွဲတောင်းဆို

**RFA၊ ဂျူလိုင် ၈။** ။ မြန်မာနိုင်ငံတွင်းက နိုင်ငံရေးအကျဉ်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဂျူလိုင်လ ၇ ရက်နေ့က လန်ဒန်မြို့ အမျိုးသားပန်းချီပြတိုက်ရှေ့ Trafalgar Square မှာကျင်းပတဲ့ အနုပညာပြပွဲမှာ ဗြိတိသျှအမျိုးသမီးတဦးက ၁၅ ပေခန့်မြင့်တဲ့ စင်မြင့်ပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံတူပန်းချီကားကြီးကိုကိုင်ပြီး မြန်မာပြည်အကြောင်း ဟောပြောခဲ့ပါတယ်။

အဲဒီပြပွဲဟာ တနှစ်တကြိမ် အနုပညာအကျော်အမော်တွေရဲ့ လက်ရာတွေကို စင်မြင့်ပေါ်တင်ပြီး ရက်ပေါင်း ၁၀၀ တိတိ ပြတဲ့ပွဲဖြစ်ပါတယ်။ အခုနှစ်အတွက် နာမည်ကြီးပန်းပုဆရာ Antony Gromley ရဲ့လက်ရာတွေကို တင်ပြဖို့ရွေးချယ်ခဲ့တာမှာ အဲဒီပန်းပုဆရာက အသက်ရှင်နေတဲ့ပန်းပုလို့အမည်ပေးပြီး ၂၄ နာရီလုံး စင်မြင့်ပေါ်တက်ပြီး မိမိပြောချင်၊ ဆိုချင်၊ ပြချင်တာတွေကို ပြသခွင့်ပေးခဲ့တာဖြစ်ပါတယ်။ လူတဦးကို ၁ နာရီခွင့်ပြုပြီး ပြသခွင့်ပေးခဲ့တာပါ။ အဲဒီလိုခွင့်ပြုတဲ့အတွက် ဗြိတိန်တနိုင်ငံလုံးက သိန်းနဲ့ချီတဲ့လူအများစာရင်းပေးခဲ့ပေမယ့် အရွေးချယ်ခံသူအကန့်အသတ်နဲ့ ဖြစ်ပါတယ်။

အဲဒီမှာ စင်မြင့်ပေါ်တက်ခွင့်ရသူ ဗြိတိသျှအမျိုးသမီးတဦးဖြစ်တဲ့ Ms.Barbra Illingworth ဆိုသူ အမျိုးသမီးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံတူ ပန်းချီကားကိုကိုင်ပြီး မြန်မာပြည်ကနိုင်ငံရေးအကျဉ်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် တောင်းဆိုဟောပြောခဲ့တာဖြစ်ပါတယ်။ Ms.Illingworth က ကျမလုပ်သင့်လုပ်ထိုက်တာကို လုပ်တာဖြစ်တယ်။ ကျမပြနေတဲ့ပန်းချီ ကားနဲ့ ကျမပြောပြတာတွေကို လူတွေကြားပြီး အတွေးလေးတခုရစေမှာပါလို့ ပြောပါတယ်။

ကျမအကြိုက်တော့ တောင်းဆိုချက်လေးတွေကနေ စုပေါင်းပြီး တောင်းဆိုချက်ကြီးတခုဖြစ်ပေါ်လာစေဖို့ပါ။ မြန်မာပြည်ကမတရားမှုတွေ ပြောင်းလဲရေးအတွက် ရည်ရွယ်ပါတယ်လို့ ပြောသွားပါတယ်။ Ms.Illingworth ကိုင်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပန်းချီကားကတော့ နိုင်ငံရေးအကျဉ်းသားဟောင်း တဦးဖြစ်တဲ့ ကိုထိန်လင်းရဲ့ပန်းချီကားဖြစ်တယ်လို့ သိရပါတယ်။

# အင်တာနက် စိစစ်ဖြတ်တောက်မှုအပြင် စစ်ဆေးစောင့်ကြည့်မှု ပိုများလာ

**DVB၊ ဂျူလိုင် ၇။** ။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အင်တာနက်စိစစ်ဖြတ်တောက်မှု အဆိုးရွားဆုံးလို့ သတ်မှတ်ခံထားရချိန်မှာပဲ နိုင်ငံတွင်းမှာ အင်တာနက်ကော်နက်ရှင် အမြန်နှုန်းတွေ ထိန်းချုပ်ပြီး အသုံးပြုဖို့ခက်ခဲအောင်လုပ်တာ၊ အင်တာနက် အသုံးပြုသူတွေကို စောင့်ကြည့်တာ၊ ရှောင်တခင်ဝင်ရောက်စစ်ဆေးတာ အရင်ကထက် ပိုများနေပါတယ်။

မြန်မာနိုင်ငံကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon ရောက်နေတဲ့အချိန်နဲ့ ပြန်သွားအပြီး အချိန်တွေမှာ အင်တာနက်ဆက်သွယ်ရေးလိုင်းတွေ ပိုနှေးကွေးလာတာပါ။ အင်တာနက်အသုံးပြုမှု နှေးနေတာနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့က အင်တာနက်ဆိုင်ဝန်ထမ်းတယောက်က ပြောပါတယ်။

"တနေ့က မနက် ၁၀ နာရီ ခွဲလောက်ကစပြီး အင်တာနက် ပြတ်သွားတာ မနေ့က ညနေ ၄ နာရီခွဲမှာ ပြန်ရပေမယ့် တခြားဆိုဒ်ပဲ သုံးလို့ရတယ်။ ဂျီမေးလ်၊ ဂျီတော့ သုံးလို့မရဘူး။ Proxy ကျော်ဝင်မှရတယ်။ ရန်ကုန်ပတ်ဝန်းကျင်မှာ အဲ့လိုမျိုးလုပ်ထားတယ်လို့ ကြားတယ်။ Mr.Ban Ki-Moon လာတော့ ဒီကသတင်းတက်မှာစိုးလို့ လို့ ကြားတာပဲ။ ရန်ကုန်ကမြို့နယ်တော်တော်များများ ဘယ်သူမှမရကြဘူး။"

အင်တာနက် ဆက်သွယ်ရေးလိုင်းတွေ နှေးနေတာကြောင့် ကိုယ်ရေးကိုယ်တာ အီးမေးလ်တွေတောင် သုံးဖို့ခက်နေတယ်လို့ ရန်ကုန်မြို့က အင်တာနက်အသုံးပြုသူ လူငယ်တဦးက ပြောပါတယ်။

"အခုနောက်ပိုင်းဆိုရင် သုံးနေရင်းနဲ့ ၅ မိနစ်လောက် လာတယ်၊ ၁၅ မိနစ်လောက်ပြန်ကျသွားတယ်။ တမင် ရည်ရွယ်ချက်ရှိရှိ ဖြတ်တယ်ဆိုရင်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက သိတယ်ဆိုတော့ သူတို့ ပိတ်လိုက်ရင် အပြောခံရလိမ့်မယ်ဆိုပြီး ပိတ်လိုက်ဖွင့်လိုက် လုပ်ပေးနေတဲ့ ပုံစံဖြစ်နေတယ်။"

အင်တာနက်ဆိုင်တွေမှာ သုံးနေချိန်တွေမှာလည်း အာဏာပိုင်အဖွဲ့အစည်းတွေက ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုတွေ ရှိတယ်လို့လည်း သူက ပြောပါတယ်။

"သုံးတဲ့ဆိုင်တွေက ကိုယ်ရေးကိုယ်တာ ဝက်ဘ်ဆိုဒ်ကြည့်မယ်၊ အီးမေးလ်သုံးမယ်ဆိုရင်တောင် ဘယ်လိုမှ စိတ်မချနိုင်အောင်ဖြစ်နေတယ်။ ကျနော်ဆိုင်ထဲမှာ သုံးနေတဲ့အချိန်မှာ ရဲမှူးရယ် ရဲအုပ်လေးတွေရယ် ဝင်လာပြီး ဆိုင်ရှင်ကိုအရင်ဝင်ပြောတယ်။ ပြောလည်းပြောပြီးရော စက်အသုံးပြုနေသူတွေကို ရပ်ခိုင်းပြီးစစ်ဆေးတယ်။ ဝင်စစ်ချိန်မှာ ဘာအကြောင်းဖတ်တာလဲ၊ ကြည့်နေတာလဲ မေးတယ်။ ဂီတအကြောင်းကြည့်နေတယ်ဆိုရင်လည်း မင်းတို့က ဂီတကိုသိတာလား၊ ဘာလုပ်ဖို့လဲ အဲ့ဒါတွေမေးတယ်။ သူတို့ကိုယ်တိုင်ကိုယ်ကလည်း ဒီအကြောင်းတွေ သိတာမဟုတ်ဘဲ မေးတာဆိုတော့ ကျနော်တို့ ရှင်းနေရတာ တော်တော်ကြီး ဒုက္ခရောက်တယ်။"

အင်တာနက်ဆိုင်တိုင်းလိုလိုမှာလည်း 'သက်ဆိုင်ရာက လုံးဝကန့်သတ်ထားပါသဖြင့် နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဝက်ဘ်ဆိုက်များ ဝင်ရောက်မကြည့်ရှုရ' ဆိုတဲ့ အသုံးအနှုန်း စာသားမျိုးတွေ ပိုကပ်လာတယ်လို့ သူကဆိုပါတယ်။ အင်တာနက်အသုံးမပြုတက်ဘဲ သီချင်းနားထောင်ပြီး အခြားသူတွေ ဘာအကြောင်းပြောဆိုနေတယ်၊ ဘယ်လို ဝက်ဘ်ဆိုက်တွေကြည့်နေတယ် ဆိုတာမျိုးတွေကို စောင့်ကြည့်နေသူတွေ ပိုများလာတယ်လို့ အခြားအင်တာနက်အသုံးပြုတဲ့ လူငယ်တွေဆိုပါတယ်။

နယ်မြို့တွေက အင်တာနက်ဆိုင်လိုင်စင်တွေကိုလည်း အာဏာပိုင်အသိုင်းအဝိုင်းနဲ့နီးစပ်သူတွေ၊ ကြံ့ခိုင်ရေးအသင်းဝင်တွေပဲ ရတာများတယ်လို့နယ်မြို့တွေက အင်တာနက်ဆိုင်ရှင် အချို့ကပြောပါတယ်။ နယ်စည်းမခြား သတင်းထောက်များအဖွဲ့ရဲ့ နောက်ဆုံးအစီရင်ခံစာအရ အင်တာနက်လွတ် လပ်ခွင့် အဆုံးရွားဆုံးနိုင်ငံများစာရင်းမှာမြန်မာနိုင်ငံဟာ အဆင့် ၄ နေရာမှာ ရှိနေပြီး လတ်ရှိသတင်းထောက် ၁၅ ယောက်နဲ့ ဘလော့ဂါနှစ်ဦး ဖမ်းဆီးထောင်ချခံထားရတယ်လို့ ထုတ်ပြန်ကြေညာထားပါတယ်။

# ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ဝါဆိုလပြည့် အလှူပွဲများ

**DVB၊ ဂျူလိုင် ၆။** ။ ဒီနေ့ဟာ ဝါဆိုလပြည့် ဖြစ်တာကြောင့် ထိုင်းနိုင်ငံရောက် ဗုဒ္ဓဘာသာ ရွှေ့ပြောင်းအလုပ်သမားတွေက ဘုန်းကြီးကျောင်းတွေမှာ ဝါဆိုသင်္ကန်းကပ် အလှူပွဲတွေ ပြုလုပ်နေကြတယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်၊ မဲဆောက်နဲ့ မယ်ဆိုင်မြို့တွေမှာ ဝါဆိုအလှူပွဲတွေလုပ်ကြတာလို့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားတွေက ပြောဆိုကြတာပါ။ မြဝတီမြို့တဘက်ကမ်း မဲဆောက်မြို့မှာ မြန်မာပြည်သားတွေသွားလေ့ရှိတဲ့ တောရကျောင်း၊ ကျောင်းကြီးကျောင်းနဲ့ ကျောင်းသစ်ကျောင်းတွေကို အလုပ်သမားတွေ မိသားစုလိုက်၊ အုပ်စုလိုက်သွားရောက် အလှူဒါန လုပ်ကြတယ်လို့ သိရပါတယ်။ အလုပ်သမားတွေနဲ့အတူ ဒီနေ့မနက်ပိုင်းမှာ အလှူပွဲတွေကို သွားခဲ့တဲ့ မဲဆောက်အခြေစိုက် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့က ဦးထွေးနိုင်က အခုလိုပြောပါတယ်။

"မနက်ပိုင်းဆိုရင် ကျောင်းတကျောင်းကို အယောက် ၃၀၀ ကျော် ၄၀၀ လောက်ရှိတယ်။ တချို့က သင်္ကန်းတထည်ပဲ ယူလာတယ်။ တချို့ကျတော့ အစုံလိုက်ယူလာပြီး ကပ်ကြတယ်။"

ဒီနှစ် ဝါဆိုလပြည့်မှာ မဲဆောက်က အလုပ်သမားတွေကို အလုပ်ပိတ်ပေးတာကြောင့် အလှူဒါနတွေ ပိုလုပ်ဖြစ်ကြသလို စက်ရုံတွေမှာလည်း သင်္ကန်းကပ်ပွဲတွေ ကျင်းပတယ်လို့ ဦးထွေးနိုင်က ပြောပါတယ်။

"စက်ရုံတွေမှာဆိုရင် ထိုင်းဖောင်းလို့ခေါ်တဲ့ မြန်မာလိုဆိုရင် ပန်းရုံလို့ခေါ်တဲ့ရုံးမှာ အလှူကပ်ကြတယ်၊ နောက်ပြီးတော့ အကင်္ျီအသီးမွေးရုံမှာဆိုလည်း သူတို့ဘာသာ သူတို့စုပြီး အလှူကပ်တာရှိတယ်။ စီဝါးအန်ကွန်းလို့ခေါ်တဲ့ စက်ချုပ်ရုံမှာလည်း ကပ်ကြတယ်၊ စက်ချုပ်ရုံ တော်တော်များများတော့ သူ့ဘာသာသူ နှစ်စဉ်နှစ်တိုင်းကပ်ကြတယ်။ ရုံးပိတ်တော့ သူတို့ ပိုပြီး လုပ်နိုင်တာပေါ့။"

ဘန်ကောက်မြို့ ချူလာလောင်ကွန်း တက္ကသိုလ်မှာ မြန်မာနိုင်ငံက လာရောက်ပညာသင်ကြားနေတဲ့ သံဃာတော်အပါး ၆၀ ကျော်ကို မနေ့က မြန်မာရွှေ့ပြောင်း အလုပ်သမားတွေ ဝါဆိုသင်္ကန်းကပ်လှူခဲ့ကြပါတယ်၊ ဘန်ကောက်ရောက် မြန်မာအလုပ်သမားတွေရဲ့ ဝါဆိုသင်္ကန်းကပ်လှူပွဲဟာ တတိယအကြိမ်ဖြစ်ပြီး ဘုရားအနေကဇာတင်ပွဲနဲ့ ဆွမ်းဆန်စိမ်းလောင်းပွဲတွေကို လည်း ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ ဒီအလှူပွဲမှာ ပါဝင်ခဲ့တဲ့ အလုပ်တမားတယောက်က အခုလိုပြောပြပါတယ်။

"ကျနော်က ရွှေ့ပြောင်းမြန်မာအလုပ်သမားတယောက်အနေနဲ့ ဆင်းဆင်းရဲရဲ ပင်ပန်းဒုက္ခခံပြီးတော့ အလုပ်လုပ်နေရင်းနဲ့ ခုလို သံဃာတော်တွေကို အလှူဒါန ပြုခွင့်ရတာ ကျနော်ကိုယ်တိုင်လည်း ပီတိဖြစ်သလို အားလုံးကိုယ်စားလည်း ပီတိဖြစ်မိပါတယ်"။

တာချီလိတ်မြို့နဲ့ နယ်နိမိတ်ထိစပ်နေတဲ့ မယ်ဆိုင်မြို့မှာလည်း ရွှေ့ပြောင်းအလုပ်သမား တွေဟာ အဲဒီမြို့က ဘုန်းကြီးကျောင်းတွေကို သွားရောက် လှူဒါန်းကြပေမယ့် မိုးသည်းထန်စွာရွာနေတာကြောင့် အရင်နှစ်တွေနဲ့ယှဉ်ရင် မများဘူးလို့မယ်ဆိုင်မြို့ရောက် မြန်မာဈေးသည် တဦးက ပြောပါတယ်။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

ခင်မမမျိုး

**ယခင်ပတ်မှအဆက်**

ဒါတွေနဲ့ပတ်သက်ပြီး ကျမအနေနဲ့ မှန်တယ် မှားတယ် သုံးသပ်မပြောဆိုလိုပါဘူး။ အဓိက ကျမပြောဆိုလိုတာကတော့ အီရတ်ပြည်သူတွေ အာဏာရှင်လက်အောက်မှာ ဖိနှိပ်ချုပ်ချယ်ခံရတဲ့ အချက်တခုတည်းဟာ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံတကာတပ်တွေ အီရတ်နိုင်ငံထဲဝင်ပြီး အာဏာရှင်ဖြုတ်ချပေးစေခဲ့တဲ့ တွန်းအား မဟုတ်ခဲ့ဘူးဆိုတာဘဲဖြစ်ပါတယ်။

ဒေသရဲ့မဟာဗျူဟာ အချက်အချာကျမှုနဲ့ စစ်ရေး၊ စီးပွားရေး အခြေအနေများစွာဟာ အီရတ်စစ်ပွဲရဲ့တွန်းအားတွေ ဖြစ်ခဲ့တယ်ဆိုတာ အသေအချာပါဘဲ။ ဒါတွေကို အမှန်အတိုင်းသိမြင်သုံးသပ်နိုင်မှလည်း အာဏာရှင်နိုင်ငံတွေက ပြည်သူလူထုရဲ့ အမေရိကန်ကယ်တင်ရှင်မျှော်တဲ့ မျှော်လင့်ချက်မှားတွေ မထွက်လာမှာဖြစ်ပါတယ်။ အခုဆက်လက်ပြီး ၂၀၀၃ အီရတ်စစ်ပွဲအပြီးကာလ အရှေ့အလယ်ပိုင်းဒေသ အခြေအနေတွေကို အီရတ်၊ အီရန်နဲ့ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီနိုင်ငံများဆိုပြီး သုံးပိုင်းခွဲတင်ပြပါမယ်။

## အီရတ်နိုင်ငံ

၁၉၉၈ ခုတုန်းက အမေရိကန်သမတ ကလင်တန်က ၂၁ ရာစုကမ္ဘာဟာ အီရတ်ရဲ့ခြိမ်းခြောက်မှုကို ရင်ဆိုင်ရမယ်လို့ဆိုခဲ့ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ၂၀၀၃ အီရတ်စစ်ပွဲကတော့ ဒီခြိမ်းခြောက်နိုင်မှုအန္တရာယ်ကို ရပ်တန့်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် အရှေ့အလယ်ပိုင်းဒေသမှာ အီရတ်နိုင်ငံရဲ့အခန်းကဏ္ဍကတော့ အခုအချိန်အထိ မသေချာမရေရာသေးပါဘူး။ သူ့ရဲ့အခန်းကဏ္ဍက မသေချာသေးပေမယ့် အီရတ်ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ရဲ့ အောင်မြင်မှု၊ မအောင်မြင်မှုဟာ အရှေ့အလယ်ပိုင်းဒေသရဲ့ နိုင်ငံရေးအပြောင်းအလဲအပေါ် ရိုက်ခတ်မှုရှိမယ်ဆိုတာကို ပညာရှင်များက သုံးသပ်ပြောဆိုခဲ့ကြပါတယ်။

၂၀၀၇ ခုနှစ်၊ မတိုင်ခင်ကာလအထိတုန်းကတော့ အီရတ်ရဲ့ဒီမိုကရေစီအသွင်ကူပြောင်းမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဝေဖန်မှုတွေအများအပြား ပေါ်ပေါက်ခဲ့ပါတယ်။ အောင်မြင်မှုရှိမှာမဟုတ်ဘူးလို့လည်း ပြောဆိုဝေဖန်မှုတွေ အများအပြားပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၇၊ ဖေဖော်ဝါရီလမှာ အီရတ်မှာရှိတဲ့ အမေရိကန်တပ်တွေရဲ့ command ကို General Petraeus က တာဝန်ယူခဲ့ပြီး နောက်ပိုင်းမှာ သူ့ရဲ့ပုန်ကန်မှုချေမှုန်းရေးအပေါ် ရှုထောင့်သစ်နဲ့ချဉ်းကပ်မှုဟာ တစတစနဲ့ အောင်မြင်လာခဲ့ပါတယ်။

တချိန်က ပြည်တွင်းစစ်တွေနဲ့ဘဲ အီရတ်ဟာနိဂုံးချုပ်သွားမှာဘဲလို့ ယူဆခဲ့သူအများစုဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တချို့ကို တွေ့မြင်လာပြီး အကောင်းမြင်လာကြပါတယ်။ ဒီတော့ အီရတ်နိုင်ငံရဲ့ အခုလို အကောင်းဘက်ကိုဦးတည်လာတဲ့ ပြောင်းလဲမှုတွေဟာ တခြား အရှေ့အလယ်ပိုင်းဒေသနိုင်ငံများကို ဘယ်လိုရိုက်ခတ်မှုရှိလာသလဲ။ အီရတ်နဲ့ဒေသတွင်းနိုင်ငံများရဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဟာ ဘယ်လိုလဲ။ လေ့လာကြည့်ရအောင်ပါ။

အီရန်နိုင်ငံအတွက်ကတော့ ၂၀၀၃ ခုနှစ်၊ အီရတ်စစ်ပွဲဟာ မဟာဗျူဟာအရ အရေးပါတဲ့စစ်ပွဲတခုပါ။ အီရန်နိုင်ငံအတွက်လည်း အကျိုးရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဆာဒန်ဟူစိန် အာဏာရှင်အုပ်စုက Suuni လူမျိုးစုကဖြစ်ပါတယ်။ အီရန်မှာအုပ်ချုပ်နေတာက shia'a လူမျိုးစုကဖြစ်ပါတယ်။ ဒါကြောင့် Suuni regime ကို ဖယ်ရှားပေးတဲ့ စစ်ပွဲဖြစ်တဲ့အတွက် shia'a လူမျိုးတွေအတွက် အကျိုးအမြတ်ဖြစ်စေပါတယ်။ ဒါပေမယ့်လည်း အီရတ်က shia'a တွေအပေါ် အီရန်ရဲ့လွှမ်းမိုးနိုင်မှုနဲ့ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်လာကြရပြန်ပါတယ်။ အီရန်ဘက်ကကြည့်မယ်ဆိုပြန်တော့လည်း အီရတ်ရဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် အောင်မြင်လာမှုဟာ အီရန်ရဲ့အာဏာရှင်အစိုးရကို ခြိမ်းခြောက်နေပြန်ပါတယ်။

အီရန်အပြင် တခြားအကျိုးဆက်ရှိလာမယ့် နိုင်ငံများကတော့ ဂိုစီစီနိုင်ငံများလို့ခေါ်ဆိုကြတဲ့ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများဘဲဖြစ်ပါတယ်။ ဒီနိုင်ငံတွေမှာက ဒီမိုကရေစီအသွင်ကူးပြောင်းမှု လက္ခဏာတွေက စတင်ပြီးဖြစ်နေတာကြောင့် အီရတ်ရဲ့ လစ်ဘရယ်ဒီမိုကရေစီအောင်မြင်မှုဟာ ဒီနိုင်ငံတွေမှာလည်း ပြောင်းလဲမှုတွေဖြစ်လာစေနိုင်ပါတယ်။

ဒီတော့ မေးစရာရှိလာပါတယ်။ အီရတ်ရဲ့ ဒီမိုကရေစီအသွင်ပြောင်းလဲမှုဖြစ်စဉ်ဟာ ရေရှည်မှာအောင်မြင်နိုင်ပါ့မလား။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ် အောင်မြင်နိုင်ချေအရှိဆုံးလို့ နိုင်ငံရေးသိပ္ပံပညာရှင်များ ဆိုထားကြတဲ့ လူဦးရေနည်းမှု၊ လူမျိုး ဘာသာကွဲပြားခြားနားတဲ့ political segments နည်းပါးမှု၊ elite control နှုန်းမြင့်မားမှု၊ စတဲ့အချက်တွေကိုတော့ အီရတ်ရဲ့နိုင်ငံရေး လူ့အဖွဲ့အစည်းတည်ဆောက်မှုသဏ္ဍာန်မှာ တွေ့ရှိနိုင်ပါတယ်။ ဒါကြောင့် အောင်မြင်နိုင်ချေများပြားတယ်လို့ဆိုနိုင်ပါတယ်။

ဒါပေမယ့်လည်း အီရတ်ရဲ့ပင်လယ်ကွေ့ဒေသ အခန်းကဏ္ဍကတော့ မသေချာ မရေရာ ဖြစ်နေတုန်းပါဘဲ။ အီရတ်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ အီရတ်နိုင်ငံသားများက ဦးဆောင်ပြောင်းလဲမှုမဟုတ်ဘဲ နိုင်ငံတကာက ဦးဆောင်ပါဝင်ကူးပြောင်းမှုဖြစ်နေတာကြောင့် ဒါရဲ့ နောက်ဆက်တွဲပြဿနာဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ သံတမန်ဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံများနဲ့ပတ်သက်တဲ့ နိုင်ငံခြားရေးမူဝါဒ စတာတွေမှာ ရှင်းရှင်းလင်းလင်းမရှိသေးပါဘူး။ နိုင်ငံအုပ်ချုပ်တဲ့ အစိုးရရဲ့သဘောထားမှန်နဲ့ နိုင်ငံတကာတပ်များရဲ့ မူဝါဒရေးတို့တွေနဲ့ ရောနှောနေပါတယ်။

ဒီလိုပါဘဲ။ အီရန်နဲ့ဂိုစီစီနိုင်ငံများရဲ့ အီရတ်အပေါ်ထားရှိတဲ့ သံတမန်ရေး၊ နိုင်ငံခြားရေးမူဝါဒတွေကလည်း ရှင်းရှင်းလင်းလင်း မရှိသေးပါဘူး။ အမေရိကန်နဲ့ နိုင်ငံတကာတပ်တွေထွက်သွားပြီး နောက်ပိုင်းမှာမှ ဒါတွေကို ထင်ထင်ရှားရှား တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ လုံခြုံရေးရှုထောင့်ကကြည့်ရင်တော့ full-fledged civil war တခုတည်းနဲ့တင် အီရတ်ရဲ့ democratization process ဟာ democratic consolidation stage ကို မရောက်လာဘဲ အာဏာရှင်စနစ်ကို ပြန်ဦးတည်သွားနိုင်တာတွေလည်း ဖြစ်လာနိုင်တာကြောင့် ဒီမိုကရေစီကိုအခြေခံတဲ့ advanced polity ကို မြှင့်တင်ပေးနိုင်မယ့် လူထုလူတန်းစားအဖွဲ့အစည်း civil society အားကောင်းလာမှုကို တိုးမြှင့်ဆောင်ရွက်သင့်တယ်လို့ ပညာရှင်များက ထောက်ပြပြောဆိုထားကြပါတယ်။ အခုဆက်လက်ပြီး ပင်လယ်ကွေ့ဒေသရဲ့ အင်အားကြီးနိုင်ငံတခုဖြစ်တဲ့ အီရန်နိုင်ငံရဲ့ အခန်းကဏ္ဍကိုဆက်လက်တင်ပြပါမယ်။

## အီရန်နိုင်ငံ

ပင်လယ်ကွေ့ဒေသလုံခြုံရေးနဲ့ပတ်သက်ပြီး လေ့လာဆန်းစစ်တဲ့အခါတိုင်းမှာ အီရန်ရဲ့ဒေသတွင်းအခန်းကဏ္ဍကို အဓိကထားပြီး လေ့လာကြရပါတယ်။ အခုအချိန်ကာလအထိ အီရန်ဟာ ပင်လယ်ကွေ့ဒေသနိုင်ငံများအတွင်းမှာ အင်အားအကြီးဆုံးနိုင်ငံဖြစ်ပါတယ်။ အီရန်ရဲ့ တင့်ကားတပ်ရင်းများနဲ့ တိုက်လေယာဉ်ပိုင်ဆိုင်မှုဟာ ဒေသတွင်း တခြားနိုင်ငံတွေထက် ပိုပြီးများပါတယ်။ နျူကလီးယားလက်နက်စွမ်းရည်ကို ရယူဘို့ကြိုးစားနေတယ်ဆိုတဲ့ သက်သေအထောက်အထားတွေကိုလည်း တွေ့နေရပါတယ်။ နောက်တချက်ကတော့ proxy empire ထူထောင်နေတဲ့ အသွင်သဏ္ဍာန်ဖြစ်ပါတယ်။ ဒီအကြောင်းကို အသေးစိတ်ဆက်လက်ဆွေးနွေးထားပါတယ်။

လက်ရှိနိုင်ငံတကာရေးရာ အခြေအနေမှာတော့ အီရန်နိုင်ငံရဲ့ခေါင်းဆောင်တွေဟာ အီရန်ဟာ စစ်ရေး၊ နိုင်ငံရေးအရ အလွန်အရေးကြီးတဲ့အခြေအနေမှာ ရောက်နေတယ်လို့ သုံးသပ်ထားကြပါတယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# ဘန်ကီမွန်းခရီးစဉ် မအောင်မြင်သော်လည်း အဖွဲ့ချုပ်က ရှေ့ဆက်မည်ဟုဆို

**DVB | ဇူလိုင် ၉ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့အရေး ကြားဝင်မှုခရီးစဉ် မအောင်မြင်တဲ့အပေါ် စိတ်ပျက်မိပေမယ့် လုပ်စရာရှိတာဆက်လုပ်သွားမှာလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့ပြောဆိုလိုက်ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နဲ့ပါတီကိုယ်စားလှယ် ၄ ဦး နေပြည်တော်မှာ ဆွေးနွေးတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး ထုတ်ပြန်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကြေညာချက်ထဲမှာ အခုလိုပြောဆိုလိုက်တာပါ။ တွေ့ဆုံချိန် ၂ မိနစ်သာရတဲ့အပေါ် အဖွဲ့ချုပ်က ကန့်ကွက်ကြောင်း၊ အရေးကြီးတဲ့ တင်ပြချက် ၄ ခုကို ပြုလုပ်ခဲ့ကြောင်း အဲဒီကြေညာချက်က ဆိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒီနေ့ထုတ်ပြန်ကြေညာချက်ထဲက ပထမအပိုဒ် ကောက်နုတ်ချက်အချို့ကို ဒေါက်တာဝင်းနိုင်က ဖတ်ပြပါတယ်။

“ထိုသို့တွေ့ဆုံရာတွင် မစ္စတာဘန်ကီမွန်းက ဒီမိုကရေစီကူးပြောင်းရေးအတွက် ဗိုလ်ချုပ်မှူးကြီးနှင့် ၂ နာရီကျော် တွေ့ခွင့်ရခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှာ သဘောထားမတူညီကြသော်လည်း နိုင်ငံရေးပါတီအားလုံး တသံတည်းဖြစ်ဖို့လိုကြောင်း၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းတွင် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်စေချင်ကြောင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကိစ္စတို့ကိုပြောပြီး အချိန်မလုံလောက်၍ နိုင်ငံရေးပါတီများအနေဖြင့် တဖွဲ့လျှင် ၂ မိနစ်စီ ဆွေးနွေးကြပါဟု ပြောခဲ့ပါသည်။ ထိုအခါ အဖွဲ့ချုပ်ကိုယ်စားလှယ်များက အချိန်ဇယားဆိုသည်မှာ လူကလုပ်တာဖြစ်ကြောင်း၊ ၂ မိနစ်သာ ဆွေးနွေးခွင့်ရခြင်းဖြင့် အချိန်မလုံလောက်၍ လူကြီးမင်းအစီအစဉ်ကို လက်မခံနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ ထို့နောက် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို လိုက်ခဲ့ပါဟု ၎င်း၏ဟိုတယ်ဧည့်ခန်းသို့ ခေါ်သွားသဖြင့် မစ္စတာဘန်ကီမွန်းနှင့် ၁၀ မိနစ်ခန့် ထပ်မံတွေ့ခွင့်ရခဲ့ပါသည်။ မစ္စတာဘန်ကီမွန်းက ရွေးကောက်ပွဲအရေးကြီးကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်အောင်အားလုံး ပါဝင်နိုင်အောင်လုပ်ပေးမည်ဟု ကတိပြုထားကြောင်း ထပ်မံပြောပြပါသည်။”

ဒုတိယအပိုဒ်မှာ အဖွဲ့ချုပ်က တင်ပြတဲ့ အချက် ၄ ချက်အကြောင်း ရှင်းပြထားပါတယ်။

“အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ယင်းကိစ္စများဖြစ်မြောက်ရန်အတွက် ၁။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးပြန် လွတ်ပေးရေး၊ ၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး၊ ၃။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တနည်းနည်းဖြင့် ဖြေရှင်းပေးရေး၊ ၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဟူသည့်အချက် ၄ ချက်တို့မှာ အရေးကြီးကြောင်း၊ ရွှေဂုံတိုင်ကြေညာစာတမ်းနှင့် ကမ်းလှမ်းထားသော်လည်း အာဏာပိုင်တို့ဘက်မှ တစုံတရာတုံ့ပြန်ခြင်း မရှိကြောင်းတို့ကို တိုတိုနှင့်လိုရင်း အကျိုးအကြောင်းရှင်းပြ၍ စုစုပေါင်း ၁၀ မိနစ်ခန့်အချိန်အတွင်း ဆွေးနွေးခဲ့ရပါသည်။ ယင်းတင်ပြဆွေးနွေးချက်များကို ကုလသမဂ္ဂက အလေးအနက်ထား၍ ဆောင်ရွက်ပေးရန်နှင့် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုလည်းတွေ့ရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။ အထက်ပါအတိုင်း တွေ့ဆုံကြရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၁၀ ရွေးကောက်ပွဲကို အဓိကဦးတည်၍ ပြောကြားခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တွေ့ခွင့်မရခဲ့ကြောင်းနှင့် နိုင်ငံအတွက် သေရေးရှင်ရေးအမျှအရေးကြီးပြီး ကုလသမဂ္ဂက နှစ်ရှည်လများကြိုးပမ်းနေရသော ကြီးမားကျယ်ပြန့်သော မြန်မာ့နိုင်ငံရေးကိစ္စကို ၂ မိနစ်အချိန်တွင်း အဖွဲ့ချုပ်၏ကိုယ်စားလှယ်များက အသေးစိတ်ပြန်လည်ဆွေးနွေးနိုင်ခွင့်မရရှိခဲ့ကြောင်းတို့ကို ကြေညာလိုက်သည်။”

ကုလသမဂ္ဂ ကြားဝင်မှုမအောင်မြင်ပါက အဖွဲ့ချုပ်အနေနဲ့ ဘာဆက်လုပ်မလဲ၊ တွေ့ဆုံနွေးရေးအစား တခြားနည်းတွေ စဉ်းစားဖို့လိုနေပြီလားဆိုတာနဲ့ ပတ်သက်ပြီးတော့ ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

“ဒီလိုလာတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီလောက် သေရေးရှင်ရေး အရေးကြီးနေတဲ့ကိစ္စတွေကို ကုလသမဂ္ဂကနေ ဒီအထိလာပြီးတော့ ၁၀ မိနစ်လောက်တွေ့ခွင့်ရပြီး ဆွေးနွေးသွားတဲ့အပေါ်မှာတော့ ကျနော်တို့စိတ်ထဲမှာ တော်တော်လေးကို ကျေနပ်အားရမှုမရှိဘူးပေါ့ဗျာ။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ဒီမိုကရေစီပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးရမယ်။ ဒါနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်က ရွှေဂုံတိုင်ကြေညာစာတမ်းနဲ့ ကမ်းလှမ်းထားတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့နဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပေးဖို့ကိစ္စကို တင်ပြထားတယ်။“

“ဒီလမ်းကြောင်းကနေ သွေဖည်သွားရင်တော့ ကျနော်တို့အပိုင်းက ကျနော်တို့ လုပ်စရာရှိတာကို ဆက်လုပ်သွားမှာပါ။ ဘာဆက်လုပ်မလဲဆိုတာ အခုပြောဖို့က စောသေးတယ်လေ။ နောက်တခုက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အနေနဲ့ ဘန်ကောက်သတင်းစာရှင်းလင်းပွဲတို့မှာ သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံဆွေးနွေးတဲ့နေရာမှာ အကျဉ်းသားတွေလွှတ်ပေးဖို့၊ အဓိပ္ပာယ်ပြည့်ဝတဲ့ အချိန်ဇယားသတ်မှတ်ထားတဲ့ တွေ့ဆုံဆွေးနွေးပွဲလုပ်ဖို့တို့ သူ့အနေနဲ့ တင်ပြခဲ့တာ တခုမှငြင်းပယ်ခြင်းမရှိဘူး။ ဒီအခြေအနေပေါ်မှာ ကျနော်တို့ဆက်ပြီး စောင့်ကြည့်ဖို့ လိုဦးမယ်လို့ထင်တယ်။”

# နအဖထိုးစစ်ကို KNU က ပြောက်ကျားနှင့်ခုခံမည်

**DVB | ဇူလိုင် ၉ ။** ။ ကရင့်အမျိုးသားအစည်းအရုံး KNU တပ်မဟာ ၆ နယ်မြေတွေကို ထိုးစစ်ဆင်ဖို့ DKBA ဘက်က ပြင်ဆင်နေတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

အဲဒီလို သတင်းတွေထွက်လာတဲ့အပေါ် KNU ဘက်ကလည်း ပြောက်ကျားစစ်နဲ့ ပြန်လည်ခုခံဖို့ ပြင်ဆင်ထားတယ်လို့ တပ်မဟာ ၆ ရဲ့ တွဲဘက်အတွင်းရေးမှူး စောမောထူးက ပြောပါတယ်။

“သူတို့က လူ ၆၀၀ နဲ့ ဝင်တိုက်မယ် ကြားတယ်။ တကယ့်တကယ် ဘာမှမထူးခြားသေးဘူး။ ကျနော်တို့က ရှင်းရှင်းပြောရရင် တော်လှန်ရေး နှစ် ၆၀ ကျော်ကြာပြီ။ ဒီအတွေ့အကြုံတွေက KNU မှာ သတိနဲ့ပြင်ဆင်မှုက အမြဲတမ်းရှိထားတာပဲ။ အခုက ပိုပြီးပြင်ဆင်ရတာပေါ့။ သူတို့တိုက်လေ၊ ကျနော်တို့ ပြောက်ကျားနဲ့ ပြန်ခုခံဖို့ အဆင်သင့်ပဲ ရှိနေတယ်။”

တပ်မဟာ ၆ နယ်မြေ တပ်ရင်း ၁၆၊ ၁၇၊ ၁၈ နဲ့ ကေအန်ဒီအို တပ်ရင်း ၆ စတဲ့ တပ်ရင်း ၄ ခုရှိနေပေမယ့် နေရာအတည်တကျ မရှိဘူးလို့ သူကပြောပါတယ်။ ၁၉၉၇ ကတည်းကစပြီး KNU အနေနဲ့ အဲဒီနယ်မြေမှာ နေရာအတည်တကျမရှိဘဲ ပြောက်ကျားအနေနဲ့ပဲ နေလာခဲ့တာလို့ စောမောထူးက ပြောပါတယ်။

“DKBA နဲ့ နအဖတပ်တွေ နေရာတိုင်းမှာ၊ နယ်စပ်တလျှောက်မှာ ရှိတာပဲ။ သူတို့လည်း စခန်းရှိ၊ ကျနော်တို့လည်း သွားလာလှုပ်ရှားနေတာပဲ။ အတည်တကျတော့ မရှိဘူးလေ။ သူတို့တိုက်ဖို့က ဘယ်ကိုသွားတိုက်မလဲ။ ကျနော်တို့က ပြောက်ကျားစစ်ပဲ။ DKBA စခန်းတွေ အဲ့ဒီမှာ ရှိတာပဲ။ ကျနော်တို့လူတွေလည်း ပတ်ပတ်လည်ရှိနေတာပဲ။ သူတို့ ဘယ်မှာတိုက်မှန်း ကျနော်တို့မသိဘူး။ သူဝင်လိုက် ကိုယ်ထွက်လိုက်၊ ကိုယ်ထွက်လိုက် သူဝင်လိုက်ပဲ။”

နအဖနဲ့ DKBA ပူးပေါင်းတပ်တွေဟာ KNU တပ်မဟာ ၇ နယ်မြေကို ပြီးခဲ့တဲ့ လဆန်းပိုင်းမှာ ထိုးစစ်ဆင်ခဲ့ပြီး အဲဒီကတည်းက KNU စခန်းတွေကို သိမ်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ တပ်မဟာ ၆ နယ်မြေကို စစ်ဆင်ဖို့ သတင်းထွက်ပေါ်လာတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး DKBA ၉၉၉ ဒုဗျူဟာမှူး စောမောင်ဝင်းက သူတို့အနေနဲ့ ဘာမှမသိရသေးဘူးလို့ ပြောပါတယ်။ တခြားအမည်မဖော်လိုတဲ့ DKBA နဲ့ နီးစပ်သူတယောက်က DKBA ၅၅၅ နဲ့ ၃၃၃ ပူးပေါင်းပြီး KNU စခန်းတွေရှိတဲ့ တောင်ငူ၊ ညောင်လေးပင် စတဲ့နေရာတွေ မှာ စစ်ဆင်ဖို့ထွက်သွားကြပြီလို့ ပြောပါတယ်။


the longest war in burma
...1962 JULY 7 ...to ....2009....
MY BURMA 09

# နအဖစစ်အုပ်စုကို အထီးကျန်ဖြစ်မယ်လို့ ဘန်ကီမွန်းသတိပေး

**Irrawaddy၊ ဂျူလိုင် ၇။** ။ နအဖစစ်အုပ်စုအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို အလေးမထားဘဲ မိမိတို့၏မူဝါဒများကို တရားသေဆက်လက်ဆုပ်ကိုင်ထားမည်ဆိုပါက ပိုမိုအထီးကျန်လာမည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး Mr.Ban Ki-moon က ယမန်နေ့ကသတိပေးလိုက်ပါတယ်။

လွန်ခဲ့တဲ့ရက်များအတွင်း မြန်မာပြည်သို့သွားရောက်ခဲ့တဲ့ Mr.Ban Ki-moon ရဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး သတင်းထောက်များကို ရှင်းလင်းပြောဆိုရာမှာ အထွေထွေအတွင်းရေးမှူးရဲ့ ပြောခွင့်ရပုဂ္ဂိုလ် Michele Montas က Mr.Ban Ki-moon အနေနဲ့ မြန်မာစစ်ခေါင်းဆောင်များကို အလွန်အမင်းစိတ်ပျက်မိကြောင်း ဖော်ပြခဲ့တယ်လို့ပြောဆိုခဲ့ပါတယ်။ Mr.Ban Ki-moon အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ရရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ပန်ကြားခဲ့သော်လည်း တွေ့ဆုံခွင့်ကိုပယ်ချခံခဲ့ရတာကြောင့် အလွန်အမင်းစိတ်ပျက်မိခဲ့ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။

"အခုလိုအချိန်မှာ မြန်မာစစ်အစိုးရအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ ယုံကြည်ထိုက်တယ်ဆိုတာကို ပြသဘို့အတွက် အရေးပါပြီးအဓိပ္ပါယ်ပြည့်ဝတဲ့ စေ့စပ်ညှိနှိုင်းမှုဆီကို တဆင့်တက်လှမ်းဘို့လိုလားတဲ့အကြောင်း ပြသရမှာဖြစ်ပါတယ်။" လို့ ပြောရေးဆိုခွင့်ရှိသူကဆိုပါတယ်။ မြန်မာစစ်အစိုးရသည် ပွင့်လင်းသောနိုင်ငံရေးခေတ်သစ်ကို လိုလားကြောင်းပြသရန် အထူးအခွင့်အရေးတရပ်လက်လွှတ်ခဲ့ရပြီလို့ Mr.Ban Ki-moon ကပြောကြားကြောင်း၊ ဆက်လက်ပြီး ၎င်းရဲ့မြန်မာပြည်ခရီးစဉ်သည် မြန်မာအစိုးရအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်နေသည်ကို ဖော်ပြနိုင်ခဲ့ကြောင်း Michele Montas က ပြောပါတယ်။

Mr.Ban Ki-moon အနေနဲ့ မြန်မာပြည်တွင်ရှိနေစဉ်အတွင်း မြန်မာ့နိုင်ငံရေး တိုးတက်ရေးအတွက် အဆိုပြုချက်များချပြခဲ့ပါတယ်။ ယင်းအဆိုပြုချက်များတွင် မြန်မာအစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးအကျဉ်းသားများအားလုံးကို နှောင့်နှေးခြင်းမရှိဘဲ ပြန်လွှတ်ပေးရန်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်အတွင်း ၎င်းတို့အနေနဲ့ လွတ်လပ်စွာပါဝင်နိုင်ရန် ခွင့်ပြုရမည်ဟု ပါရှိကြောင်း သိရပါတယ်။

အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားသူများအဖွဲ့ USCP ကမူ Mr.Ban Ki-moon ရဲ့ မြန်မာ့အရေးမူဝါဒသည် အခြေခံအားဖြင့် ချို့ယွင်းအားနည်းချက်များရှိနေပြီး လုံခြုံရေးကောင်စီအနေနဲ့ အချိန်မဆိုင်းဘဲ အရေးယူမှုများလုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောပါတယ်။

USCP ရဲ့အမှုဆောင်အရာရှိတဦးဖြစ်သူ ဦးအောင်ဒင်က "လွန်ခဲ့တဲ့ဆယ်စုနှစ်ကတည်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ မြန်မာပြည်နိုင်ငံရေးပြောင်းလဲဘို့ သံအဖွဲ့တွေကိုစေလွှတ်ခဲ့ပါတယ်။ အဲဒီလို သံအဖွဲ့တွေစေလွှတ်ခြင်းဟာ မြန်မာစစ်အစိုးရအပေါ် အရေးယူပိတ်ဆို့မှုတွေ မလုပ်နိုင်အောင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ တရုတ်နဲ့ရုရှားအသုံးပြုခဲ့တဲ့ မူဝါဒဘဲဖြစ်ပါတယ်။" လို့ဆိုပါတယ်။

တချိန်တည်းမှာဘဲ ဦးအောင်ဒင်က ဤကဲ့သို့သံအဖွဲ့များစေလွှတ်သည့် လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီမှာ အခြေခံချို့ယွင်းအားနည်းချက်များရှိပြီး အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ ယခုအချိန်သည် Mr.Ban Ki-moon အနေနဲ့ ရာဇဝတ်မှုများကျူးလွန်နေသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေအစိုးရအပေါ် စုံစမ်းမှုများစတင်လုပ်ဆောင်ရမည့်အချိန်ဖြစ်ပြီး တကမ္ဘာလုံးအနေနဲ့ စစ်အုပ်စုအပေါ် လက်နက်ပိတ်ဆို့ရန် တောင်းဆိုချိန်ရောက်နေပြီဟုလည်း ဦးအောင်ဒင်ကပြောကြားခဲ့ပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှ စ တင် ၍ အ ပတ် စဉ် ထုတ် ဝေ သည်

AIR MAIL


To

PRINTED MATTER